မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ စနေနေ့၊ အတွဲ(၄၄)၊ အမှတ်(၉၉)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၃)မှ အကောင်းဆုံးသင်တန်းသားဆုရ သင်တန်းသား ခွန်အောင်ဇော်ဝင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မူဝါဒလမ်းစဉ်အတိုင်း စည်းလုံးညီညွတ်စွာ ဆက်လက်ချီတက်လျက်ရှိ

ယနေ့ဆိုရင် တိုင်းရင်းသားမျိုးနွယ်ပေါင်းတစ်ရာကျော်ပါဝင်တဲ့ ၅၄သန်းကျော်သော ပြည်သူလူထုကြီးရဲ့ကိုယ်စားလှယ်တွေဟာ မြို့နယ်တိုင်းနီးပါးလောက်က လာရောက်ပြီး အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိနေကြတယ်။ အလုပ်သမားကိုယ်စားလှယ်များနဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များလဲ ပါဝင်သလို ကိုယ်ပိုင်မူဝါဒရှိပြီး စိတ်ရင်းမှန်တဲ့ နိုင်ငံရေးပါတီကိုယ်စားလှယ်များနဲ့ ရွေးချယ်ခံကိုယ်စားလှယ်များလဲ တက်ရောက်လျက်ရှိကြတယ်။ တိုင်းရင်းသားပြည်သူလူထုဟာ နိုင်ငံတော်ရှေ့ဆက်သွားမယ့်မူဝါဒလမ်းစဉ် အတိုင်း စည်းလုံးညီညွတ်စွာ ဆက်လက်ချီတက်လျက်ရှိ။

ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်ဆိုသည့်ဆောင်ပုဒ်အတိုင်း တပ်မတော်သားများနှင့် မိသားစုများ၏ကျန်းမာကြံ့ခိုင်ရေးတာဝန်ယူ တာဝန်ကျရာဒေသမှာ တွေ့ကြရမည့် မိဘပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း အကျိုးပြုဆောင်ရွက် အနောက်တိုင်းဆေးပညာသာမက တိုင်းရင်းဆေးပညာကိုလည်း နားလည်ကျွမ်းကျင်အောင် လေ့လာအသုံးချ တပ်မတော်ဆေးဘက်တာဝန်အပြင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး ပူးပေါင်း ပါဝင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၆

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်–

ရဲဘော်တို့–

ရဲဘော်တို့ဟာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှာ တပ်စုမှူးအဆင့် စစ်ပညာများကို သင်ကြားလေ့ကျင့်ပြီးကြတဲ့အပြင် သူနာပြုနဲ့ ဆေးဘက်ပညာတွေကိုလဲ အောင်မြင်စွာ ဆည်းပူးနိုင်ခဲ့ကြပြီ ဖြစ်တယ်။ ယနေ့ဆိုရင် ရဲဘော်တို့ကို သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့နဲ့ ရောဂါရှာဖွေရေးပညာ၊ ဓာတ်မှန်ရိုက်ပညာ၊ ကာယကုသပညာစတဲ့ ဆေးဘက်ပညာသိပ္ပံဘွဲ့

စာမျက်နှာ ၇ ကော်လံ ၁ ■

သင်တန်းတပ်ခွဲများစစ်ဆေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်သင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် သင်တန်းတပ်ခွဲများ အား စစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား၌ မိန့်ခွန်းပြောကြား

ရန်ကုန် ဇန်နဝါရီ ၆

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံတော်ပြွနှ့ စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ထွန်းကားရေးကြိုးပမ်း အမျိုးသားညီလာခံအောင်မြင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်လျက်ရှိသည့် နိုင်ငံဖြစ်သည်။ တိုင်းရင်းသားများ တစ်ဦးနှင့်တစ်ဦး အေးအတူပူအမျှ နေထိုင်ကြပြီး ခိုင်မြဲသည့် အစဉ်အလာကောင်းများရှိခဲ့သည်။ အပြန်အလှန် စာနာနားလည်မှု၊ တွယ်တာမှုများဖြင့် ချစ်ကြည်စွာနေထိုင်ခဲ့သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အရင်းခံ ရှင်သန်နေပေသည်။

နယ်ချဲ့လက်အောက် ကျရောက်ခဲ့ခြင်းနှင့် သွေးခွဲအုပ်ချုပ်ခံရခြင်းတို့ကြောင့် စည်းလုံးညီညွတ်မှု ပျက်ပြားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝ နိမ့်ပါးခဲ့ရသည့် အတိတ်သင်ခန်းစာများကိုရယူပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါး၏ အခြေခံသည် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ပင် ဖြစ်သည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီလ၅ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက သင်တန်းဆင်းအမှာစကားပြောကြားရာ၌–

“ပြည်ထောင်စုကြီး၏ တန်ဖိုး၊ စည်းလုံးညီညွတ်ခြင်းနှင့် ငြိမ်းချမ်းခြင်း၏တန်ဖိုး၊ အချုပ်အခြာအာဏာ၏ တန်ဖိုးများကို နားလည်သဘောပေါက်ပြီး မြန်မာ့လူ့အဖွဲ့အစည်းကို တန်ဖိုးထားစောင့်ရှောက်ကာကွယ်ရမည် ဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ စည်းရုံးရေးနှင့် အုပ်ချုပ်ရေး အသိအမြင်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများနှင့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်သည် နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်မည့် စွမ်းအားဖြစ်ကြောင်း”

ပြောကြားသွားသည်။

ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးပေသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတော်အတွင်း၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အမြဲရှင်သန် ထွန်းကားနေအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် ဦးတည်ချက်(၁၂)ရပ်အတိုင်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် ပြည်တွင်းအမျိုးသားရေးစွမ်းအားစုများ၏ စွမ်းပကား၊ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် နေ့မအားညမနား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့၍ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီ ဖြစ်သည်။ အေးချမ်းတည်ငြိမ်မှု အခြေခံကောင်း၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ရရှိနေပြီဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ် ဆောင်ရွက်လျက်ရှိသည်။ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကို ကျင်းပလျက်ရှိပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များက အမျိုးသားရေးစိတ်ဓာတ်ရှိရှိဖြင့် တက်တက်ကြွကြွ ညှိနှိုင်းဆောင်ရွက်နေကြသည်။ အနာဂတ် နိုင်ငံတော်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေးသည် အဓိကအရေးကြီးခြင်းကြောင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် မျိုးဆက်သစ်လူငယ်များအနေဖြင့် တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်နိုးကြား ထွန်းကားပြန့်ပွားနေအောင် ကြိုးပမ်းဆောင်ရွက်ရင်း ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက်(၁၂)ကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူကာ အမျိုးသားညီလာခံ အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင်ဖွင့်ပွဲကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၆

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဆိုင်အမှတ်(၀၁၆) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၇နာရီခွဲက ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက်ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ် သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးသိန်းဌေးက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်ဧည့်သည်တော်များသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကား ပြောကြားသည်။ ထို့နောက် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အစားအသောက်(ယိုစုံ)များနှင့် ပတ်သက်၍ အများပြည်သူ သိရှိရန်အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး အန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အောက်ဖော်ပြပါ မန္တလေးမြို့ဈေးကွက်မှ ယိုစုံများမှာ အစားအသောက်တွင် သုံးခွင့်မပြုသော ဆိုးဆေးများ (Non-Permitted Food Colour) အသုံးပြုထားကြောင်း စိစစ်တွေ့ရှိရပါသဖြင့် စားသုံးရန် မသင့်သော ယိုစုံများ ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	အမှတ်တံဆိပ်နှင့်ယိုစုံအမျိုးအစား	လုပ်ငန်းအမည်နှင့်လိပ်စာဖော်ပြချက်
၁	“မြမြအေး”အမှတ်တံဆိပ် မက်မန်းယို	မြမြအေး ပြင်ဦးလွင် မက်မန်းနှင့် သစ်သီးယိုစုံ
၂	“ဆင်ဖြူတော်”အမှတ်တံဆိပ် မရမ်းယို	ဆင်ဖြူတော် ကျောက်မဲ ဆားချိုသီးနှင့် သစ်သီးယိုစုံ
၃	“ဆင်ဖြူတော်”အမှတ်တံဆိပ် မရမ်းပေါင်းခြောက်	ဆင်ဖြူတော် ကျောက်မဲ ဆားချိုသီးနှင့်သစ်သီးယိုစုံ
၄	"123/ONE TWO THREE" အမှတ်တံဆိပ် ငွေးသီးအဖတ်သေး	ဖော်ပြထားခြင်းမရှိပါ။
၅	“ရှင်းရီ” အမှတ်တံဆိပ် ခံသီး	ရှင်းရီမက်မန်းနှင့်သီးစုံ
၆	“မြစိမ်း”အမှတ်တံဆိပ် သရက်ပေါင်း	မြစိမ်းယိုစုံနှင့်စားသောက်ကုန်လုပ်ငန်း
၇	“ရွှေတိုး”အမှတ်တံဆိပ် ဆီးယို	ရွှေတိုးသီးစုံယို ဆ ၂/၇၀–၇၃ လမ်းကြား၊ မြို့သစ် ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။

၃။ အစားအသောက်ထုတ်လုပ်သူများသည် အရည်အသွေးအာမခံချက်ရှိသော အစားအသောက်သုံး ဆိုးဆေးများကိုသာ အသုံးပြုထုတ်လုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တရား ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အမိဋ္ဌာန်

"လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းထက် မွန်မြတ်သောလုပ်ငန်းတာဝန်သည် မရှိပြီ။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအားနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အသက်ပေးကာကွယ်စောင့်ရှောက်ကြပါစို့"

မင်းဘူးခရိုင်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုနှင်းပွဲ

ရန်ကုန် ဇန်နဝါရီ ၆

မင်းဘူးခရိုင်အသင်း(ရန်ကုန်)၏ (၅၆)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၂ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်း ကြားတောရလမ်းရှိ ကုန်သွယ်လယ်ယာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ မင်းဘူး ခရိုင်အသင်းဝင် စကု၊ စလင်း၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ ဆင်ဖြူကျွန်း၊ ငဖဲ၊ စေတုတ္တရာမြို့များမှ အသင်းဝင်နှင့် အသင်းမဝင်ရသေးသူမိသားစုများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အသက်(၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်များအား ပူဇော်ကန်တော့ပြီး ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရခဲ့သော အသင်းဝင်များ၏ သားသမီးများအား ဆုချီးမြှင့်ခြင်းပြုမည်ဖြစ်ရာ အသင်းဥက္ကဋ္ဌ ဦးဝင်းဖေ (ဆောက်/လျှပ်) ဖုန်း-၇၀၃၉၀၆ နှင့် အတွင်းရေးမှူး ဗိုလ်မှူးတင့်ဝေ (ရေ၊ ငြိမ်း) ဖုန်း-၅၇၇၇၄၃ တို့သို့ ဆက်သွယ်သတင်းပို့ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တိုင်းဆီဖန်ဒုံထံမှပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသယမတွင် မိမိအနေဖြင့်လည်းကောင်း၊ လာအိုပြည်သူများ၏ကိုယ်စားလည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ရင်းနှီးချစ်ကြည်ပြီး ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးမှာ ခိုင်မြဲတိုးတက်လျက်ရှိကြောင်း၊ ဒေသတွင်း၌သာမက တစ်ကမ္ဘာလုံး အတိုင်းအတာအရ ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် မိမိတို့နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်မှုမှာ အရေးပါကြောင်း၊အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူတစ်ရပ်လုံး တိုးတက်အောင်မြင်စေရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

အလားတူ သဝဏ်လွှာများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းတို့ထံ လာအိုဒုတိယသမ္မတ မစ္စတာချောင်မာလေဆိုင်ရာဆုန်နှင့် ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့က အသီးသီးပေးပို့ကြသည်။

စင်ကာပူသမ္မတနိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ စင်ကာပူသမ္မတ မစ္စတာအက်စ်အာနာသန်ထံမှပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် စင်ကာပူနိုင်ငံသူ နိုင်ငံသားများ ကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် နှစ်ပေါင်းရှည်ကြာစွာ ရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေးကို ထူထောင်ခဲ့ကြပြီးဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြင့်မားတိုးတက်ခြင်းဖြင့် ဒေသတွင်းရှိနိုင်ငံများအားလုံးအတွက် အပြန်အလှန် အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အလားတူသဝဏ်လွှာကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ စင်ကာပူဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းက ပေးပို့သည်။

ထိုင်းနိုင်ငံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ထိုင်းဘုရင် ဘူမိဘောလ်အဒူရာဒတ်ချ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှလုံး ရွှင်ပြုံး ချမ်းမြေ့စေရန်လည်းကောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး တိုးတက်ကြွယ်ဝစေရန်လည်းကောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ထို့အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံ ထိုင်းဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က အလားတူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတပါမောက္ခ ဒေါက်တာအီယာဂျူဒင်အာမက်ထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အိမ်နီးချင်းနှစ်နိုင်ငံအကြား ရှိပြီးသား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံ ပြည်သူများ အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း၊အဆွေတော်ကျန်းမာချမ်းသာပြီး သက်တော်ရှည်ပါစေ၊ မြန်မာပြည်သူ ပြည်သားများ ဆက်လက်တိုးတက် ကြီးပွားပါစေဖြင့် ဖော်ပြထားသည်။

အလားတူ သဝဏ်လွှာကို ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက သဝဏ်လွှာပေးပို့သည်။

ဂျပန်နိုင်ငံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဂျပန်နိုင်ငံဘုရင် အကီဟီတိုထံမှ သဝဏ်လွှာ ပေးပို့သည်။

သဝဏ်လွှာ၌ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာပြီး မြန်မာပြည်သူ ပြည်သားများ ကြီးပွားချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖော်ပြပါရှိသည်။

ပြင်သစ်သမ္မတနိုင်ငံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပြင်သစ်သမ္မတနိုင်ငံသမ္မတ မစ္စတာဂျက်၊ ရှီရပ်က သဝဏ်လွှာပေးပို့သည်။

သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် မြန်မာပြည်သူပြည်သားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ အနာဂတ်တွင် နှစ်နိုင်ငံ ပြည်သူများအကြား ဆက်ဆံမှုများ တိုးလာရန် မျှော်လင့်ပါကြောင်း ဖြင့် ဖော်ပြထားသည်။

(မြန်မာ့အလင်း)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများ ကျိုင်းတုံ၊ ပုသိမ်၊ တောင်ကြီး၊ စစ်တွေ၊ ဘားအံ၊ တောင်ငူမြို့များ၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ နံနက်၄နာရီ မိနစ်၂၀တွင်နိုင်ငံတော် အလံတင်အခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပသည်။

အစီအစဉ်အရ တိုင်းမှူးနှင့် တက်ရောက်လာသူများသည် နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို တိုင်းမှူးဗိုလ်ချုပ် မင်းအောင်လှိုင်က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပုသိမ်မြို့

အလားတူ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ပုသိမ်မြို့ ကျောက်တိုင် အားကစားကွင်း၌ ကျင်းပရာ နံနက် ၄နာရီ မိနစ်၂၀တွင် နိုင်ငံတော်အလံတင် အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့သဝဏ်လွှာကိုတိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တောင်ကြီးမြို့

ထို့အတူ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် တက်ရောက်၍ ညွှန်ပရိသတ်များနှင့်အတူ နိုင်ငံတော်အလံအားအလေးပြုခြင်း၊ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းတို့ကိုအစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဖတ်ကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စစ်တွေမြို့

အလားတူ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်၍ ညွှန့်ပရိသတ်များနှင့်အတူ နိုင်ငံတော်အလံအားအလေးပြုကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တိုင်းမှူးဗိုလ်ချုပ် ခင်မောင်မြင့်က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဘားအံမြို့

အလားတူ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်း ကျောက်တိုင်ရှေ့၌ကျင်းပရာ နံနက်၄နာရီမိနစ်၂၀တွင် နိုင်ငံတော်အလံတင်အခမ်းအနားကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးက ဖတ်ကြားပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တောင်ငူမြို့

ထို့အတူ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက်နံနက်ပိုင်းက ပဲခူးတိုင်း တောင်ငူမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ နံနက်၄နာရီမိနစ်၂၀တွင် နိုင်ငံတော်အလံတင် အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပသည်။

ထို့နောက် နိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖတ်ကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပေကျင်းဆင်ခြေဖုံးဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြဆောက်လုပ်ရေးလုပ်ငန်းများထက် ပိုမိုရင်းနှီးမြှုပ်နှံမည်ဟုဆို

ပေကျင်း ဇန်နဝါရီ ၅

ပေကျင်းမြူနီစီပယ် အစိုးရသည် ယခုနှစ်တွင် မြို့ပြထက် ဆင်ခြေဖုံးဒေသများတွင်ဆောက်လုပ်ရေးလုပ်ငန်းများကို ပထမ ဦးစားပေးအဖြစ် ပိုမိုရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း အဆင့်မြင့်အရာရှိတစ်ဦးက ဇန်နဝါရီ ၂ရက်၌ ပြောကြားသည်။

တည်ဆောက်

ယခုနှစ်တွင် စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှု ၅၁ရာခိုင်နှုန်းကို ဆင်ခြေဖုံးဒေသများအတွက် သုံးစွဲမည်ဖြစ်ပြီး ကျန် ၄၉ရာခိုင်နှုန်းကို မြို့ပြအတွက် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မရှင် ညွှန်ကြားရေးမှူး ဒင်ဆန်ယန်က ပြောကြားသည်။

ဦးစားပေး

စွမ်းအင်ချွေတာရေး၊ ပတ်ဝန်းကျင် ကာကွယ်ရေး၊ ဟောင်းနွမ်းနေသော လူနေရပ်ကွက်များ အဆင့်မြှင့်တင်ရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များရှိသော ဒေသများ ကာကွယ်ရေးအတွက် မြို့ပြယာဉ်စနစ် တိုးတက်ကောင်းမွန်ရေး စီမံကိန်း ဆင်ခြေဖုံး အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းများနှင့် ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲရေး စနစ်သည်လည်း တိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုကဲ့သို့ ပေကျင်းမြူနီစီပယ်အစိုးရ၏ ဆုံးဖြတ်မှုသည် နိုင်ငံအတွင်းရှိ ကျေးလက်ဒေသသစ်များ တည်ဆောက်ရန် နိုင်ငံတစ်ဝန်းလုံး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ဗဟိုအစိုးရက တိုက်တွန်းနှိုးဆော်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံမြောက်ပိုင်း၌ ရေလွှမ်း ၁၅ဦးသေဆုံး၊ နှစ်ဦးပျောက်ဆုံးနေ

ကျိုယန်စီရင်စု ဇန်နဝါရီ ၅

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်ရှိ ကျောက်မီးသွေးမိုင်းတွင်း တစ်ခုတွင် ရေလွှမ်းမိုးခဲ့ရာ မိုင်းအလုပ်သမားနှစ်ဦး၏အလောင်း ကို ဇန်နဝါရီ ၂ရက်က တွေ့ရှိခဲ့ သဖြင့် သေဆုံးသူ စုစုပေါင်းမှာ ၁၅ဦးရှိသွားပြီဖြစ်ကြောင်း ဒေသခံ အရာရှိများက အတည်ပြုပြောကြားသည်။

ရှာဖွေ

ကယ်ဆယ်ရေးသမားများသည် ကျန်ရှိနေသေးသောပျောက်ဆုံးနေသည့် မိုင်းအလုပ်သမားနှစ်ဦးကို ဆက်လက် ရှာဖွေနေဆဲ ဖြစ်ကြောင်း ရေလွှမ်းသည့် ကျောက်မီးသွေးမိုင်းတွင်း တည်ရှိရာ ကျိုယန်စီရင်စုရှိ ကယ်ဆယ်ရေး ဌာနချုပ်၏ သတင်းများတွင် ဖော်ပြပါရှိသည်။

စုပ်ထုတ်

ကယ်ဆယ်ရေး သမားများသည် ကယ်ဆယ်မှု အဆင်ပြေစေရန်အတွက် ရေပိုက်များမှ ရေများကို စုပ်ထုတ် လျက်ရှိကြောင်း စီရင်စု လုံခြုံရေး ကြီးကြပ်မှုဗျူရိုမှ အင်ဂျင်နီယာချုပ် ကျန်ယွန်ဆင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

သဘာဝဓာတ်ငွေ့ထုတ်လုပ်

ဆလိုဗက်ကီးယား နိုင်ငံအရှေ့ပိုင်းရှိ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေး လုပ်ငန်းခွင်ကို ဇန်နဝါရီ ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖလူးဂျာတွင် လမ်းဘေးဗုံးပေါက်ကွဲမှုများဖြစ်ပွား အမေရိကန် စစ်ယာဉ်သုံးစီးပျက်စီးခဲ့

ဖလူးဂျာ ဇန်နဝါရီ ၅

ဖလူးဂျာမြို့စစ်ဆေးရေးစခန်းတစ်ခုကို အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက တိုက်ခိုက်မှုနှစ်ကြိမ်နှင့် လမ်းဘေးဗုံးဖောက်ခွဲမှုသုံးကြိမ် ပြုလုပ်ခဲ့ကြောင်း ယင်းမှာ ဇန်နဝါရီ၂ ရက်တနင်္လာနေ့၌ ဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဖလူးဂျာမြို့တောင်ဘက် အယ်ဆတ် လမ်းပေါ်တွင် ကင်းလှည့်နေသော အမေရိကန်စစ်ယာဉ်တန်းအနီး လမ်းဘေးဗုံးပေါက်ကွဲမှု နှစ်ကြိမ် ဖြစ်ပွားရာ အမေရိကန်စစ်ယာဉ်နှစ်စီး ပျက်စီးခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

နောက်ထပ် လမ်းဘေးဗုံးပေါက်ကွဲမှုမှာ ဖလူးဂျာမြို့ တောင်ဘက်ရှိ အယ်ဆူဟာဒါခရိုင်တွင် အမေရိကန် စစ်ယာဉ်တစ်စီးဖြတ်သန်းစဉ် လမ်းဘေးဗုံးပေါက်ကွဲခဲ့သဖြင့် အမေရိကန်စစ်ယာဉ်ပျက်စီးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့တိုက်ခိုက်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်များ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုမသိရကြောင်း၊ ဖလူးဂျာမြို့တွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်များက မကြာခဏ တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်၌ ကန်ထရိုက်လေးဦး ယာဉ်တိုက်ခံရ၍သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၅

ဘဂ္ဂဒက်အနောက်ပိုင်း၌ ဇန်နဝါရီ ၁ရက်က ယာဉ်တိုက်ခံရမှုကြောင့် အမေရိကန်ကန်ထရိုက်တာလေးဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တွင် ဇန်နဝါရီ ၂ရက်က ဖော်ပြသည်။

အဆိုပါ အမေရိကန် ကန်ထရိုက်များ၏ ကားကို အန်ဘာပြည်နယ် အယ်လ်အေဆက် အမေရိကန်လေတပ်အခြေစိုက်စခန်း၌ ခုနစ်တန်ကုန်ကား တစ်စီးက ဝင်တိုက်ခဲ့စဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။ ယင်းဖြစ်ရပ်ကြောင့် အရပ်သား ၁၈ဦးနှင့် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးလည်း ဒဏ်ရာရရှိသွားကြောင်းဖြင့် ကြေညာချက်၌ ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

၂၀၀၆ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုငါးရာခိုင်နှုန်းရရှိရန် ဆက်လက်ကြိုးပမ်းသွားရေး စင်ကာပူဝန်ကြီးချုပ်တိုက်တွန်း

စင်ကာပူ ဇန်နဝါရီ ၅

စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးတက်မှု နှုန်းသည် သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိ ၂၀၀၆ခုနှစ်၌ တိုးတက်ရန် မျှော်မှန်းထားရာ ကြိုးစားအားထုတ်မှုများဆက်လက်ပြုလုပ်ရန် ကျန်ရှိနေသေးကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက တိုက်တွန်းလိုက်သည်။

အသုံးပြု

စင်ကာပူနိုင်ငံသည် ဓာတုဆိုင်ရာများ၊ ဇီဝဆေးသိပ္ပံပညာရပ်နယ်ပယ်များနှင့် အီလက်ထရွန်နစ်ကဏ္ဍများကဲ့သို့သော အခြေခံကျသည့် လုပ်ငန်းများတွင် တစ်ကမ္ဘာလုံး၌ ဦးဆောင်ဦးရွက်ပြုနိုင်သော အနေအထားရောက်ရှိလာစေရန် သုတေသနပြုမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပြည့်ပြည့်ဝဝ အသုံးပြုလျက်ရှိနေကြောင်း မစ္စတာ လီက ပြောကြားသည်။

ထို့အတူ စင်ကာပူနိုင်ငံ၏ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း တစ်ပြိုင်တည်း လုပ်ဆောင်ရမည်ဖြစ်သည်ဟု စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ဆက်လက်ပြောကြားသည်။

မျှော်မှန်း

စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးတက်လာစေရန် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အထူးအလေးအနက်ထား ကြိုးစားဆောင်ရွက်သွားကြရမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။ စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ၂၀၀၅ခုနှစ်က ၅ဒသမ ၇ရာခိုင်နှုန်းအထိ တိုးတက်ရန် မျှော်မှန်းထားခဲ့သလို နိုင်ငံခြားကုန်သွယ်မှုလည်း ၁၄ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်၌ တူရကီသံအမတ်ကြီး၏ယာဉ်တန်း တိုက်ခိုက်ခံရ

အန်ကာရာ ဇန်နဝါရီ ၅

တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနသည် ဘဂ္ဂဒက်တွင် ၎င်း၏ သံအမတ်ကြီး၏ ယာဉ်တန်း တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ ဇန်နဝါရီ ၂ရက်က ပြင်းပြင်းထန်ထန်ရှုတ်ချလိုက်သည်။

သံအမတ်ကြီး လိုက်ပါလာသော သံချပ်ကာ ကားသုံးစီးပါ ယာဉ်တန်းကို ချုံခိုတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

တူရကီသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများအပေါ် တိုက်ခိုက်မှုကို ပြင်းထန်စွာ ရှုတ်ချကြောင်းနှင့် ယင်းတိုက်ခိုက်သူများကို ချက်ချင်းဖမ်းဆီးမိလိမ့်မည်ဟု မျှော်လင့်ကြောင်း ထိုအစီရင်ခံစာတွင် ဖော်ပြထားသည်။

ဒီမိုကရေစီဝါဒ အခြေခံသော နိုင်ငံရေးစည်းလုံးညီညွတ်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ကာ ငြိမ်းချမ်းသာယာသော နိုင်ငံဖြစ်လာရန် ဆောင်ရွက်နေသည့် အီရတ်နိုင်ငံကို အထောက်အပံ့ပေးမည့် တူရကီနိုင်ငံ၏ ဆုံးဖြတ်ချက်များသည် ယခုကဲ့သို့ တိုက်ခိုက်ရုံမျှနှင့် ပျက်ပြားသွားလိမ့်မည် မဟုတ်ကြောင်း ထပ်လောင်းပြော ကြားသည်။

ဘဂ္ဂဒက်တွင် ထိုနေ့အစောပိုင်းက အီရတ်ဆိုင်ရာ တူရကီသံအမတ်ကြီး ယူနယ်စီဗီကော့ စီးနင်းလိုက်ပါလာသောယာဉ်တန်းကို အီရတ်ပြောက်ကျားများက စက်သေနတ်များဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ သံချပ်ကာယာဉ်အချို့ ပျက်စီးခဲ့ရကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ တီကရစ်မြို့တွင် ကားဗုံးဖောက်ခွဲ တိုက်ခိုက်ခံရမှုကြောင့် မီးလောင်နေသော အမေရိကန်စစ်ယာဉ်တစ်စီးကို ဇန်နဝါရီ ၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်တွင် ကားဗုံးပေါက်ကွဲ သုံးဦးသေဆုံး

ကဘူးလ် ဇန်နဝါရီ ၅

အာဖဂန်နစ္စတန်တောင်ပိုင်း ကင်ဒါဟာပြည်နယ်တွင် ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လူသုံးဦးသေဆုံးခဲ့ကြောင်း၊ ထိုသို့ ဖြစ်ပွားမှုမှာ ဇန်နဝါရီ ၂ရက် တနင်္လာနေ့ကဖြစ်ကြောင်း အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်ထားသော မော်တော်ယာဉ်တစ်စီးသည် ကင်ဒါဟာမြို့တွင် လမ်းဖြတ်ကူးသူ အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ သမီးငယ်တို့ကို တိုက်မိပြီး ဗုံးပေါက်ကွဲခဲ့သဖြင့် ဗုံးခွဲတိုက်ခိုက်သူအပါအဝင် သုံးဦးသေဆုံးခဲ့ရသည်ဟု ဟင်ဒါဟာမြို့ ရဲတပ်ဖွဲ့အကြီးအကဲ အဗ္ဗဒူလာဟာခမ်က ပြောကြားသည်။

အခင်းဖြစ်ပွားမှုနှင့်ပတ်သက်ပြီး အသေးစိတ်ကို အဗ္ဗဒူလာဟာခမ်က မပြောကြားသော်လည်း ထိုဗုံးဖောက်ခွဲ တိုက်ခိုက်ရေးသမားသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များကို ပစ်မှတ်ထားပြီး တိုက်ခိုက်ရန် ရည်ရွယ်ခြင်း ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဗုံးပေါက်ကွဲမှုတွင် မျက်မြင်တွေ့ရှိသူများက ထိုသို့ဗုံးပေါက်ကွဲမှုတွင် အနီးရှိ အမေရိကန်စစ်ယာဉ်တစ်စီး အနည်းငယ်ထိခိုက်ပျက်စီးခဲ့ကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂/၂၀၀၆
၁၃၆၇ခုနှစ်၊ ပြာသိုလဆန်း ၆ရက်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်သည်–

ယမန်နေ့ကအဆက်

လူမှုထူးချွန်တံဆိပ်(တတိယဆင့်) (အဆက်)

၆။ ဦးခင်မောင်ကို လ/ထနည်းပြ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၇။ ဒေါ်မိမိမော် ဦးစီးအရာရှိ၊ အား/ကာ ဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။
၈။ မမေခင်ယမင်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၉။ မမြင့်မြင့်သန်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၀။ မစန်းစန်းမော် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၁။ မမိုးမိုးဝါ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၂။ မသက်သက်ဝင်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၃။ မနွယ်နွယ်တိုး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၄။ မစန်းစန်းသိန်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၅။ မနေဇာလင်းလင်းအောင် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၆။ မစန်းယုနိုင် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၇။ မသီတာဦး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၈။ မအေးနန္ဒာလှိုင် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၉။ မသူဇာထွေး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၀။ မသန်းသန်းထွေး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၁။ မနှင်းဆီမြင့်(ခ)တင်တင်စိုး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၂။ မခင်သီတာမြင့် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၃။ မမာလာဝင်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၄။ မဇင်မာဝမ်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၅။ မခင်ကြွေထွေး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၆။ မောင်စိုးမြတ်မင်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၇။ ဦးအောင်နိုင်ဝင်း ဗွီဒီယိုဓာတ်ပုံအကူ၊ အား/ကာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။
၂၈။ ဦးဆန်းဝင်း နည်းပြ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၉။ ဦးစိုးမိုး နည်းပြ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၀။ မောင်သီဟစည်သူ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၁။ မောင်ဇော်မိုးထက် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၂။ မောင်ချမ်းချမ်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၃။ မောင်မိုးဝင်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၄။ မောင်မျိုးဇော်ထွန်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၅။ မောင်ဝင်းဇော်အောင် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၆။ မောင်အောင်ဆန်းဦး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၇။ မောင်ထူးကျော် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၈။ မောင်အောင်မျိုးသန့် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၉။ မောင်ရာဇာဝင်းသိန်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၀။ မောင်စိုးသီဟအောင် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၁။ မောင်အောင်မိုး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၂။ မောင်စိုးမင်းဦး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၃။ မောင်စိုင်းသန်းအောင် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၄။ မောင်လှအေးထွေး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၅။ မောင်အောင်မြင့်အေး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၆။ မောင်မင်းမင်းထွန်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၇။ မောင်စည်သူသန်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၈။ မောင်ကျော်ဇော်နိုင် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၉။ မချစ်စုရည် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၀။ ဦးကျော်ဆန်း ဒုတိယညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။
၅၁။ ဦးခင်မောင်တင့် နည်းပြချုပ်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန။
၅၂။ ဦးကျော်လွင် နည်းပြ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၃။ ဦးဇော်လင်းအောင် နည်းပြ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၄။ မောင်နေလှိုင် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၅။ မောင်အောင်ရဲသွေး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၆။ မောင်စန်းလွင်ဦး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၇။ မောင်ဘိုသန်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၈။ မောင်ညီညီထွန်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၉။ မောင်နိုင်လင်းထွန်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၀။ မောင်သန်းထွန်းအောင် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၁။ မောင်ဉာဏ်လင်းထွန်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၂။ မောင်စောအောင်မျိုး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၃။ မောင်ကိုကိုမောင် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၄။ မောင်ဇော်နိုင်ထွန်း မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၅။ မောင်အောင်ကျော်မျိုး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၆။ မောင်အေးမိုး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၇။ မောင်ဇင်မျိုးအောင် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၈။ မောင်မျိုးမင်းလတ် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၉။ မောင်ကျော်ကျော်ခိုင် မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၇၀။ မောင်ပြည့်ဖြိုးဦး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၇၁။ မောင်တင့်ဇော်မိုး မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၇၂။ ပါမောက္ခ ဒေါက်တာမြင့်သောင်း ပါမောက္ခ(အရိုး)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၇၃။ ဒေါက်တာဇော်ဝေစိုး အထူးကုဆရာဝန်ကြီး (အရိုး)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၇၄။ ဒေါက်တာအိပ်ချ်ရှားကိုး၊ အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (ခွဲစိတ်) ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၇၅။ ဒေါက်တာအုန်းခိုင် တွဲဖက်ပါမောက္ခ၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၇၆။ ဒေါက်တာအေးဖေ ဆေးရုံအုပ်ကြီး၊ အထွေထွေရောဂါကုဆေးရုံကြီး အင်းစိန်၊ ကျန်းမာရေးဝန်ကြီးဌာန။
၇၇။ ဒေါက်တာစိန်ဝင်း အထူးကုဆရာဝန်ကြီး(ခွဲစိတ်)၊ အထွေထွေရောဂါကုဆေးရုံကြီး အင်းစိန်၊ ကျန်းမာရေးဝန်ကြီးဌာန။
၇၈။ ဒေါက်တာအောင်ကြည်ဝင်း အထူးကုဆရာဝန်ကြီး(အရိုး)၊ အထွေထွေရောဂါကုဆေးရုံကြီး အင်းစိန်၊ ကျန်းမာရေးဝန်ကြီးဌာန။
၇၉။ ဒေါက်တာမောင်မော် ဆေးရုံအုပ်ကြီး၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၈၀။ ဒေါက်တာထွန်းဦး အထူးကုဆရာဝန်ကြီး(ခွဲစိတ်)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၈၁။ ဒေါက်တာမျိုးလွင် အထူးကုဆရာဝန်(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်) ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၈၂။ ဦးစံကြည် သူနာပြုဆရာကြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၈၃။ ဒေါ်ကျင်နု သူနာပြုဆရာမကြီး (အရေးပေါ်ခွဲစိတ်)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၈၄။ ဒေါ်တင်တင်မြိုင် အထက်တန်းသူနာပြုဆရာမ၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၈၅။ ဒေါက်တာတင်တင်မာ အထူးကုဆရာဝန်(ခွဲစိတ်)၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၈၆။ ဒေါက်တာစောဘုန်းနီ လက်ထောက်ဆရာဝန်(အရိုးအထူးကု)၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၈၇။ ဒေါ်မြသန်းအောင် သူနာပြုအုပ်၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၈၈။ ဒေါ်စိန်စိန်မြ သူနာပြုဆရာမကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၈၉။ ဒေါ်သန်းသန်းအေး သူနာပြုဆရာမ၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၉၀။ ဒေါ်နော်မြစိန် သူနာပြုဆရာမကြီး၊ အထွေထွေရောဂါကုဆေးရုံကြီး၊ အင်းစိန်၊ ကျန်းမာရေးဝန်ကြီးဌာန။
၉၁။ ဒေါ်တင်ရီ သူနာပြုအုပ်၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၉၂။ ဒေါက်တာခင်အေးစိုး မျက်စိအထူးကုဆရာဝန်၊ ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့၊ ကျန်းမာရေးဝန်ကြီးဌာန။
၉၃။ ဦးသောင်း ချင်းတွင်းနေကြာစောင်စက်၊ ရတနာပုံရပ်၊ မုံရွာမြို့။
၉၄။ ဦးလှဟန်၊ ကုန်သည်–အမှတ် ၂၅/၆ ဗိုလ်ချုပ်လမ်း၊ အောင်မင်္ဂလာရပ်၊ မုံရွာမြို့။
၉၅။ ဦးစိုးမြင့် ကုန်သွယ်ရေး ဦးစီးမန်နေဂျာ(ငြိမ်း)၊ ဆင်များရှင်ဂေါပကအဖွဲ့ စစ်ကိုင်းမြို့။
၉၆။ ဦးမောင်ကို စာရေးကျေးရွာ(ရှေ့)၊ စစ်ကိုင်းမြို့။
၉၇။ ဦးသိန်းကြူ ဥက္ကဋ္ဌ ကျေးရွာအုပ်စု၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဆုံကုန်းအုပ်စု၊ မိုးညှင်းမြို့နယ်။
၉၈။ ဦးခင်မောင်ငွေ အတွင်းရေးမှူး၊ ပြည်နယ်ဘော်လီဘောဆပ်ကော်မတီ၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။
၉၉။ ဦးကျစိုးဘို (ပြည်သူ့စစ်ခေါင်းဆောင်)၊ နမ့်ယွန်းပြည်သူ့စစ်အဖွဲ့၊ မိုင်းဖြတ်မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။
၁၀၀။ ဦးစံဝင်း အိပ်ပျက်အနောက်အုပ်စုရွာ၊ အိပ်ပျက်အုပ်စု၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်း။
၁၀၁။ ဦးယုထော် အေလမ်း၊ ဘုရားချောင်း တိုးချဲ့ရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း။
၁၀၂။ ဦးရွှေ အမှတ်(၂)ရပ်ကွက်၊ ပြင်စလူမြို့၊ လပွတ္တာမြို့နယ်။
၁၀၃။ ဒေါ်ခေတ်သစ် ငှက်ပျောစုကျေးရွာ၊ သဲကုန်းကျေးရွာအုပ်စု၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်း။
၁၀၄။ ဦးနီ(ခ)ဦးဝင်းမောင် ဥက္ကဋ္ဌ ၊အမှတ်(၆)၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်း။
၁၀၅။ ဒေါ်ခင်စန်းဦး ၊အမှတ်(၁)၊ ဘုရင့်နောင်လမ်း၊ အလယ်ပိုင်းရပ်ကွက်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်း။
၁၀၆။ ဦးပညာဝံသ သံဃာတော်၊ မြန်အောင်ကျောင်းတိုက်၊ ငါးထပ်ကြီးဘုရားလမ်း၊ ငါး/မြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၁၀၇။ ဦးပညာသီရိ သံဃာတော်၊ မြေနီကျင်း၊ နိဗ္ဗာန်ရိပ်သာကျောင်းတိုက်၊ ၇၆ x ၇၇လမ်းကြား၊ ၃၂ x ၃၃လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၁၀၈။ ဦးမြင့်ဌေး စက်မှုကျွမ်းကျင်(၄)၊ ဒလသင်္ဘောကျင်းဌာနခွဲ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၀၉။ ဦးငြိမ်းအောင် ဆသရ(၅)၊ ရွှေဘိုမြို့စာတိုက်ကြီး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။
၁၁၀။ ဦးဇနိတ မုံရွာဓမ္မာစရိယ၊ မင်းကွန်းတိုက်၊ အောင်သပြေကျောင်း၊ (၃၄)လမ်း၊ ၈၈ x၈၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၁၁၁။ ဦးစောလွင် လက်ထောက်ကထိက၊ မြန်မာစာဌာန၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)၊ ပညာရေးဝန်ကြီးဌာန။
၁၁၂။ ဦးဉာဏ်လင်း ရုံးအကူ၊ မြို့နယ်စာရင်းရုံး(မြစ်သားမြို့)၊ စာရင်းစစ်ချုပ်ရုံး။
၁၁၃။ ဦးကံချွန် ကုန်သည်၊ အကွက် (၈၆၈)၊ ကံရွာ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
၁၁၄။ ဦးကံစ အထက်တန်းပြ၊ အထက၊ ဝက်လက်မြို့၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။
၁၁၅။ ဦးမောင်မောင်နိုင် လုံခြုံရေး၊ ဆာကူရာရက်စီဒင့်၊ အမှတ် (၃၃၆)၊ လေးထောင့်ကန်လမ်း၊ (ဆ/ခ)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
၁၁၆။ ဦးဆန်းမြင့် ပစ္စည်းထိန်း(၄)၊ လေးထောင့်ကန် မွေးမြူရေးစခန်း၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၁၁၇။ ဦးအောင်သိန်း အငှားယာဉ်မောင်း၊ အမှတ်(၂၈)၊ ပတ္တမြားလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
၁၁၈။ ဦးစံသိန်း စက်မှုကျွမ်းကျင်(၄)၊ ဒလသင်္ဘောကျင်းဌာနခွဲ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၁၉။ ဦးသန်းဇော် စက်မှုကျွမ်းကျင်(၅)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (မန္တလေး)၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။
၁၂၀။ ဒေါ်နုယဉ် ပုံဆွဲ(၂)၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။
၁၂၁။ ဦးအုန်းလွင် လျှပ်စစ်ဝန်ထမ်း၊ ၁၀၇၊ မကျည်းတန်းရပ်ကွက်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်း။

(ဆက်လက်ဖော်ပြပါမည်)

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို (ခေါ်) ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊မန္တလေးတိုင်း၊ရန်ကုန်တိုင်း နှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော် သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေး ရယူထားသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး ကြသည်။

သဘာပတိ

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမန်းအုံးမောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီမှ ဒေါက်တာပိုက်တင်၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထား ရသော ကိုယ်စားလှယ် အစုအဖွဲ့မှ ဦးစံသာအောင်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစိုင်းတင့်အောင်၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်မျိုးဝင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလှမြင့်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလှတင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၉ ဦးရှိပြီး ၁၀၆၆ ဦးတက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ၈၀ ရာနှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီအစည်းအဝေး စတင်ကျင်းပကြောင်းကြေညာသည်။

အစီအစဉ်အရနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြရာတွင် ရှေးဦးစွာ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းအပိုင်း သုံးပိုင်းခွဲ၍ ဖတ်ကြားတင်ပြကြရာ ဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးငြိမ်းမောင်က ဖတ်ကြားတင်ပြသည်။

(ဦးငြိမ်းမောင်၏ ဖတ်ကြားတင်ပြချက်ကိုဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် မွန်ပြည်နယ်မှ ဦးမင်းမြင့်မောင်လေးကဆက်လက်ဖတ်ကြားတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(ဦးမင်းမြင့်မောင်လေး၏ ဖတ်ကြား တင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဖတ်ကြားတင်ပြ

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ် အစုအဖွဲ့များမှ ကိုယ်စား လှယ်များက ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြကြရာ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ကယားပြည်နယ်မှ ဦးပိုးရယ်အောင်သိန်းက ဆက်လက်ဖတ်ကြားတင်ပြသည်။

(ဦးပိုးရယ်အောင်သိန်း၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် ရခိုင်ပြည်နယ်မှ ဦးသာအေးက ဆက်လက်ဖတ်ကြားတင်ပြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

(ဦးသာအေး၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ် အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကိုဆက်လက်ဖတ်ကြားတင်ပြကြရာ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးအောင်သိန်းက ဖတ်ကြားတင်ပြသည်။

(ဦးအောင်သိန်း၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ပါမောက္ခဒေါ်မြမြဝင်းက ဆက်လက်ဖတ်ကြားတင်ပြသည်။

(ဒေါ်မြမြဝင်း၏ ဖတ်ကြားတင်ပြချက်ကိုဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာမောင်မောင်ဝင့်က ဆက်လက်ဖတ်ကြားတင်ပြသည်။

(ဒေါက်တာ မောင်မောင်ဝင့်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို မွန်းလွဲ ၁၂နာရီ ၂၅မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ဇန်နဝါရီ ၉ ရက် (တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသား ခွန်အောင်ဇော်ဝင်းအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃)မှ စာပေထူးချွန်ဆုရရှိသူ သင်တန်းသား စောပြည့်ဖြိုးဆွေအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ရည်ရွယ်ချက်နှင့်အညီ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက် လက်ရုံးရည် နှလုံးရည်နှင့်ပြည့်ဝသည့် သူနာပြု၊ ဆေးဝါးကျွမ်းကျင်သူနှင့် ဆေးဘက်ပညာသည်များဖြစ်အောင် ကြိုးပမ်း

■ ရှေ့ဖုံးမှ

များအနက် သက်ဆိုင်ရာဘွဲ့အသီးသီးကို အပ်နှင်းပြီး တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှာ တာဝန်ပေးခန့်အပ်တော့မှာဖြစ်တဲ့အတွက် မှာကြားစရာရှိတာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့–

ဒို့တပ်မတော်ဟာ ဆုံးရှုံးသွားခဲ့တဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ပြန်လည်ရရှိဖို့အတွက် သူ့ကျွန်မခံတဲ့စိတ်ဓာတ်နဲ့ ပြည်သူကြားကပေါက်ဖွားလာတဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ မျိုးချစ်တပ်မတော်သားတွေဟာ စိတ်ဓာတ်မွန်မြတ်တယ်။ ဒါကြောင့် ပင်ကိုအသိနဲ့ စည်းကမ်းကောင်းကြတယ်။ ထို့အတူပဲ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားဘဲ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် စွန့်လွှတ်စွန့်စားလိုတယ်။ သစ္စာတရားရဲ့ စည်းနှောင်မှုနဲ့ စည်းလုံးညီညွတ်ကြတယ်။ ခွဲ လုံ့လ ဝီရိယရှိပြီး အပင်ပန်းအဆင်းရဲခံနိုင်တယ်။ စွမ်းရည်ရှိပြီး အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ ရဲစွမ်းသတ္တိရှိတယ်။ ဒါကြောင့်လဲ ပြည်သူတစ်ရပ်လုံးက ရင်နှစ်သည်းချာတွေဖြစ်တဲ့ တပ်မတော်သားတွေကို ချစ်ခင်လေးစားအားထား ယုံကြည်ကြတယ်။ ပြည်သူနဲ့ တပ်မတော်ဟာ တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ဖက်ဆစ်တို့ကို ခုခံတွန်းလှန်နိုင်ခဲ့ကြတယ်။

ဖက်ဆစ်တော်လှန်ရေးအပြီးမှာ တပ်မတော်ခေါင်းဆောင်တွေဟာ အမျိုးသားနိုင်ငံရေး စစ်မျက်နှာစာကိုပြောင်းပြီး လွတ်လပ်ရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲခဲ့ကြတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်တဲ့ အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် ပြန်လည်တည်ထောင်ပေးခဲ့ကြတယ်။

ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော်တို့ အတူတကွ မှီတင်းနေထိုင်ခဲ့ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ အဓိကကျတဲ့ အမျိုးသားနိုင်ငံရေးဖြစ်တယ်။ ဒါကြောင့်မျိုးချစ်တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို အမြဲဦးထိပ်ပန်ဆင်ခဲ့တယ်။

ရဲဘော်တို့–

တပ်မတော်ရဲ့သမိုင်းမှာ ယခုပြောခဲ့တဲ့ တပ်မတော်ရဲ့အစဉ်အလာ(၁၂)ရပ်ဟာ ပေါ်လွင်စွာပါဝင်လျက်ရှိတယ်။ ရဲဘော်တို့ဟာ တပ်မတော်ရဲ့အစဉ်အလာ(၁၂)ရပ်ကို သက်စွန့်ကြိုးပမ်း ကာကွယ်စောင့်ရှောက်ကြရမယ်။

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ရဲ့သမိုင်းကို ပြန်ကြည့်ရင်လည်း လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ မျိုးချစ်စိတ်ဓာတ်ထက်သန်တဲ့ ဆရာဝန်တွေနဲ့ သူနာပြုတွေဟာ ဘာအခွင့်အရေးမှ မရတဲ့ကြားက သက်စွန့်ကြိုးပမ်းဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ကြတာ တွေ့ရလိမ့်မယ်။ တပ်မတော်သမိုင်းမှာ ခြေလျင်တပ်ဖွဲ့ဝင်တွေနဲ့ လက်တွဲပြီး စွန့်စွန့်စားစားတိုက်ပွဲဝင်ခဲ့လို့ စွမ်းရည်ဘွဲ့တံဆိပ်ရရှိခဲ့တဲ့ ဆေးတပ်ဖွဲ့ဝင်တွေရှိခဲ့တယ်။ ထို့အတူပဲ ခြေလျင်တပ်မဟာမှူးတာဝန်ကိုပင် ထမ်းဆောင်နိုင်ခဲ့တဲ့ တပ်မတော်သားဆရာဝန်လဲ ရှိခဲ့တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ဆေးအကာအကွယ်ပေးရေးတာဝန်ကို ထမ်းဆောင်တဲ့နည်းတူ စစ်မြေပြင်မှ တပ်စုတစ်စုကို ဦးဆောင်ပြီး တိုက်ပွဲဝင်နိုင်ရမယ်။ ထို့အတူပဲ ခြေလျင်တပ်ခွဲမှူးအဆင့်၊ ခြေလျင်တပ်ရင်းမှူးအဆင့် တိုက်ပွဲဝင် တာဝန်တွေကို တစ်ဆင့်ပြီးတစ်ဆင့် ထမ်းဆောင်နိုင်အောင် လိုအပ်တဲ့သင်တန်းတွေကိုလဲ အဆင့်အလိုက် တက်ရောက်ကြရမှာဖြစ်တယ်။

ရဲဘော်တို့–

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တွေဖြစ်တဲ့ ရဲဘော်တို့ဟာ **ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်** ဆိုတဲ့ဆောင်ပုဒ်အတိုင်း တပ်မတော်သားတွေနဲ့ မိသားစုတွေရဲ့ ကျန်းမာကြံ့ခိုင်ရေးကို တာဝန်ယူကြရမယ်။ ဒါ့အပြင် တာဝန်ကျရာဒေသမှာ တွေ့ကြရမယ့် မိဘပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း အကျိုးပြုဆောင်ရွက်ကြရမယ်။ ကျန်းမာရေးအတွက် အသိပညာပေးခြင်းနဲ့ ကြိုတင်ကာကွယ်ခြင်းတို့ဟာ ရှေးဦးလိုအပ်ချက်တွေဖြစ်တယ်။ ကျန်းမာကြံ့ခိုင်ဖို့အတွက် နေထိုင်စားသောက်မှုပုံစံကို အခြေအနေနဲ့လျော်ညီစွာ ပြုပြင်ပေးရမယ်။

ရဲဘော်တို့ဟာ အနောက်တိုင်းဆေးပညာကိုသာမက တိုင်းရင်းဆေးပညာကိုလဲ အလေးထားပြီး လေ့လာလိုက်စားကြဖို့ ပြောကြားလိုတယ်။

ဒို့မြန်မာတိုင်းရင်းဆေးပညာဟာ အစွမ်းထက်မြက်တာကြောင့် ကျန်းမာရေး ဝန်ကြီးဌာနက တိုင်းရင်းဆေးပညာဦးစီးဌာနကိုဖွင့်လှစ်ပြီး တိုင်းရင်းဆေးပညာအဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိတယ်။ တိုင်းရင်းဆေးပြပွဲနဲ့ သုတေသနစာတမ်းဖတ်ပွဲတွေကို နှစ်စဉ်ကျင်းပပေးခြင်း၊ တိုင်းရင်းဆေးတက္ကသိုလ် ဖွင့်လှစ်တည်ထောင်ပေးခြင်းတို့ကြောင့် တိုင်းရင်းဆေးလောကဟာ ရှင်သန်တိုးတက်လျက်ရှိနေပြီဖြစ်တယ်။ ကျေးလက်လူထုတွေဟာ တိုင်းရင်းဆေးဝါးတွေကိုသာ အစဉ်တစိုက် သုံးစွဲကြတာကြောင့် ကျေးလက်မှာ တိုင်းရင်းဆေးရဲ့အာနိသင်ဟာ ပိုမိုထိရောက်လျက်ရှိတယ်။ **နွယ်မြက်သစ်ပင်မှန်သမျှ ဆေးဖက်ဝင်**တဲ့ ဒို့မြန်မာတိုင်းရင်းဆေးဟာ အစွမ်းထက်မြက်ရုံသာမက တောအနှံ့တောင်အနှံ့၊ နေရာဒေသမရွေး ရရှိနိုင်တာကြောင့် တိုင်းရင်းဆေးပညာကို ထိထိရောက်ရောက် နားလည်ကျွမ်းကျင်အောင် လေ့လာပြီး အသုံးချကြဖို့ လိုအပ်တယ်။

တပ်မတော်ရဲ့ ဆေးဘက်တာဝန်နဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတာဝန်တွေကို ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ အဆင့်မြင့်ပညာရပ်တွေကို ဆက်လက်သင်ယူကြရမှာဖြစ်တဲ့အတွက် အရည်အချင်းမြင့်မားတဲ့ လူသားအရင်းအမြစ်တွေဖြစ်အောင် ကြိုးစားအားထုတ်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

တပ်မတော်ဟာ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ရတဲ့အချိန်က နိုင်ငံတော်မှာ မင်းမဲ့စရိုက်တွေဖြစ်ပေါ်နေပြီး အဘက်ဘက်က အင်အားချည့်နဲ့လျက်ရှိတယ်။ မိဘပြည်သူတွေရဲ့ဆန္ဒအရ ခိုင်မာတဲ့ဒီမိုကရေစီနိုင်ငံထူထောင်ဖို့အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုဟာ မူလအရင်းခံလိုအပ်ချက်ဖြစ်တယ်။ ထို့အတူပဲ နိုင်ငံသားတွေဟာ ဓနအင်အားပြည့်စုံပြီး ပညာရည်မြင့်မားလာဖို့လဲလိုတယ်။ ဒါကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ဦးစွာဆောင်ရွက်ခဲ့တယ်။ တစ်ဆက်တည်းမှာပဲ နိုင်ငံတော်ရဲ့ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကို မြှင့်တင်နိုင်ဖို့အတွက် ဦးတည်ချက် (၁၂)ရပ်ကိုချမှတ်ပြီး အင်တိုက်အားတိုက် အကောင်အထည်ဖော်ခဲ့တယ်။

ရဲဘော်တို့–

နိုင်ငံတော်ကို **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်**အဖြစ်တည်ဆောက်ရာမှာ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကို နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်ဦးစီးပြီး ရှေးဦးစွာ စတင်ဆောင်ရွက်ခဲ့တယ်။ ထို့အတူပဲ နိုင်ငံတစ်ဝန်းလုံးမှာ တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး၂၄ခုကိုသတ်မှတ်ပြီး ဒေသရဲ့စီးပွားရေးဖွံ့ဖြိုးစေဖို့နဲ့ ပြည်သူတွေရဲ့ကျန်းမာရေးနဲ့ပညာရည်မြင့်မားစေဖို့ ဆောင်ရွက်ခဲ့တယ်။ ထို့အတူပဲ ဒို့နိုင်ငံရဲ့ ခုနစ်ဆယ်ရာခိုင်နှုန်းသော နိုင်ငံသားတွေနေထိုင်တဲ့ ကျေးလက်ဒေသတွေဖွံ့ဖြိုးမှ ဒို့နိုင်ငံတော်ကြီးဖွံ့ဖြိုးမှာဖြစ်တဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကိုချမှတ်ပြီး ဖွံ့ဖြိုးမှုကွက်လပ်မကျန်ရအောင် ဆောင်ရွက်လျက်ရှိတယ်။ နိုင်ငံတော်နဲ့နိုင်ငံသားတွေအတွက် စီးပွားရေး၊ လူမှုရေးအခြေခံအဆောက်အအုံတွေကို နေရာတိုင်း၊ ဒေသတိုင်းမှာ အစုအဖွဲ့လိုက် တည်ဆောက်ပေးခဲ့တယ်။

ဒါကြောင့်လဲ တစ်မျိုးသားလုံးရဲ့ အသားတင်ထုတ်လုပ်မှု တန်ဖိုးနဲ့ ဝန်ဆောင်မှုတန်ဖိုးတွေဟာ တစ်နှစ်ထက်တစ်နှစ် မျှော်မှန်းလျာထားချက်ထက် သာလွန်တိုးတက်ခဲ့တယ်။ လူတစ်ဦးချင်း တစ်နှစ်ဝင်ငွေဟာလဲ ဒို့တာဝန်မယူမီအချိန်ကထက် အဆပေါင်းများစွာ မြင့်မားလာတယ်။ နိုင်ငံသားတွေရဲ့ ပညာရေးနဲ့ ကျန်းမာရေးအဆင့်အတန်းတွေဟာ သိသိသာသာတိုးတက်လာခဲ့ပြီဖြစ်တယ်။ တပ်မတော်ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ ကောင်းမွန်တဲ့ အနာဂတ်အတွက် စနစ်တကျဆောင်ရွက်နေတာဖြစ်တယ်။ ယခုဆိုရင် စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်လျက်ရှိနေပြီဖြစ်တယ်။

ယနေ့ဆိုရင် တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော်ပါဝင်တဲ့ ၅၄သန်းကျော်သော ပြည်သူလူထုကြီးရဲ့ကိုယ်စားလှယ်တွေဟာ မြို့နယ်တိုင်းနီးပါးလောက်ကလာရောက်ပြီး အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိနေကြတယ်။ အလုပ်သမားကိုယ်စားလှယ်များနဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များလဲ ပါဝင်သလို ကိုယ်ပိုင်မူဝါဒရှိပြီး စိတ်ရင်းမှန်တဲ့ နိုင်ငံရေးပါတီကိုယ်စားလှယ်များနဲ့ ရွေးချယ်ခံကိုယ်စားလှယ်များလဲ တက်ရောက်လျက်ရှိကြတယ်။ တိုင်းရင်းသားပြည်သူလူထုဟာ နိုင်ငံတော်ရှေ့ဆက်သွားမယ့်မူဝါဒလမ်းစဉ် အတိုင်း စည်းလုံးညီညွတ်စွာ ဆက်လက်ချီတက်လျက်ရှိကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့–

နိဂုံးချုပ်အနေနဲ့ပြောရရင်–

- **တပ်မတော်ရဲ့အစဉ်အလာ(၁၂)ရပ်ကို အသက်ပေးပြီးထိန်းသိမ်းကြပါ၊**
- **တပ်မတော်သားကောင်းပီသစွာ ခြေလျင်တိုက်ခိုက်ရေးတာဝန်ကို ထမ်းဆောင်ခွင့်ရခဲ့သော် စွမ်းရည်ပြသနိုင်အောင် လေ့ကျင့်ပြင်ဆင်ထားကြပါ၊**
- **တပ်မတော်ရဲ့ဆေးဘက်တာဝန်ကို ကျွမ်းကျင်စွာထမ်းဆောင်ကြတဲ့ အပြင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါ၊**
- **တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်နဲ့အညီ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ လက်ရုံးရည်၊ နှလုံးရည်နဲ့ပြည့်ဝတဲ့သူနာပြု၊ ဆေးဝါးကျွမ်းကျင်သူနဲ့ ဆေးဘက်ပညာသည်များဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါ**

လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

တစ်မျိုးသားလုံးရဲ့ အသားတင်ထုတ်လုပ်မှု တန်ဖိုးနဲ့ ဝန်ဆောင်မှုတန်ဖိုးတွေဟာ တစ်နှစ်ထက်တစ်နှစ် မျှော်မှန်းလျာထားချက်ထက် သာလွန်တိုးတက်ခဲ့တယ်။ လူတစ်ဦးချင်း တစ်နှစ်ဝင်ငွေဟာလဲ ဒို့တာဝန်မယူမီ အချိန်ကထက် အဆပေါင်းများစွာ မြင့်မားလာတယ်။ နိုင်ငံသားတွေရဲ့ ပညာရေးနဲ့ကျန်းမာရေး အဆင့်အတန်းတွေဟာ သိသိသာသာတိုးတက်လာခဲ့ပြီ ဖြစ်တယ်။ တပ်မတော်ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ ကောင်းမွန်တဲ့ အနာဂတ်အတွက် စနစ်တကျဆောင်ရွက်နေတာဖြစ်တယ်။ ယခုဆိုရင် စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်လျက် ရှိနေပြီဖြစ်တယ်။

7-1 (07).p65 1 3/25/1905, 9:42 PM

❒ **ရှေ့ဖုံးမှ**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်မင်းသိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းဆင်း သင်တန်းသားများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

မိန့်ခွန်းပြောကြား

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

အလေးပြုခြင်းခံယူ

အခမ်းအနားတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းတပ်ခွဲများကို စစ်ဆေးသည်။

တက်ရောက်လာကြသူများ

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

တက်ရောက်လာကြသူများ

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ချီတက်အလေးပြု

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် သင်တန်းတပ်ခွဲများက ချီတက်အလေးပြုကြစဉ်။

(သတင်းစဉ်)

*** *ကျောဖုံးမှ***

အဆိုပါ သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တပ်မတော် ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း သင်တန်းသားများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဖျော်ဖြေ

သင်တန်းဆင်း ဂုဏ်ပြု ညစာစားပွဲအပြီးတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီး၌ မြဝတီတေးဂီတအဖွဲ့နှင့်အတူ မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ အနုပညာရှင်များက အဆို အကများဖြင့်လည်းကောင်း၊ မြဝတီအငြိမ့်အဖွဲ့က အငြိမ့်ဖြင့် လည်းကောင်း ဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

မဇ္ဈိမဂုဏ်ရည်ဆရာတော်ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၆

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက မဟာစည်နယ်လှည့် ဓမ္မကထိက သာသနတက္ကသီလ ဓမ္မာစရိယ ဒေါက်တာ အရှင်ကောဝိဒ အရှင်မြတ်သည် ဇန်နဝါရီ၇ရက် ည၇နာရီတွင် သန်လျင်ထမလုံစေတီဓမ္မသဘင်၊ ၈ရက်၊ ၉ ရက်၊ ၁၀ ရက်ညများတွင် ည ၇နာရီ၌ ရန်ကင်းမြို့နယ် (၆)ရပ်ကွက် သာသနဗိမာန်ဓမ္မာရုံ၊ ၁၁ ရက် ည ၇နာရီတွင် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သရေ ခေတ္တရာလမ်း ဓမ္မသဘင်၊ ၁၂ ရက် ည ၇နာရီ ကျောက်တန်းမြို့နယ် ရွှေပြည်သာယာ ကိုးနဝင်းဘုရားဓမ္မသဘင်၊ ၁၃ ရက် ညနေ ၆ နာရီ၌ ဒေါပုံမြို့နယ် သဒ္ဓမ္မသီတဂူအေးရွာကျောင်း၊ ၁၄ ရက် ည ၈ နာရီ သာကေတမြို့နယ် (၈)ရပ်ကွက် ဒါနသုခဓမ္မာရုံ၊ ၁၅ရက် ည ၇နာရီ မြောက်ဥက္ကလာပမြို့နယ် ရော ၁၀ လမ်း၊ ၁၇ ရက်ညတွင် ကြည့်မြင်တိုင် ဈေးကြီးရပ်ကွက် ဆွမ်းအောင်ပွဲ၊ ၁၈ ရက် ည ၇နာရီ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာနေ ဒေါ်သိန်းကြည် မိသားစုဓမ္မသဘင်၊ ၁၉ ရက် ည ၇နာရီတွင် ပုဇွန်တောင် ရေကျော် ဒေါနလမ်းဓမ္မသဘင်၊ ၂၀ ရက် ည ၇နာရီ ရွှေပြည်သာမြို့နယ် ဖြူးမဟာစည် ဆွမ်းပဒေသာ ပင်ရေစက်ချပွဲ ဓမ္မသဘင်၊ ၂၂ ရက် ညနေ ၆ နာရီ ဒေါပုံမြို့နယ် နဝဒေးလမ်း အောင်ချမ်းသာလူငယ်များ၏ ဓမ္မပူဇာပွဲ၊ ၂၃ ရက် ည ၇နာရီတွင် သာကေတ ၃/မာန်ပြေ မာရဝိဇယဓမ္မာရုံ ဓမ္မသဘင်၊ ၂၄ ရက် ည ၇ နာရီ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီရင်ပြင် အင်္ဂါလူငယ် ဓမ္မသဘင်၊ ၂၆ ရက် ည ၇နာရီတွင် လက်ပံတန်းမြို့ ရွှေထောင်ကျောင်း ဓမ္မသဘင်၊ ၂၇ ရက် ည ၇နာရီ လက်ပံတန်းမြို့နယ် မင်းလန်းရွာ ဓမ္မသဘင်၊ ၂၉ ရက် ည၇နာရီ ကြည့်မြင်တိုင်မြို့နယ် သာစုကျောင်းတိုက် ဓမ္မသဘင်၊ ၃၀ရက် ည ၇နာရီ ဗိုလ်တထောင်စေတီရောင်တော်ဖွင့်အသင်း ဓမ္မသဘင်များ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

ချီတက်အလေးပြု

ယင်းနောက် သင်တန်းတပ်ခွဲများက ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား အနေးလျှောက် အမြန်လျှောက်တို့ဖြင့် ချီတက် အလေးပြုကြသည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော် သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ် (၃)မှ အကောင်းဆုံးသင်တန်းသားဆုနှင့် လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ သင်တန်းသား အမှတ်(၄၅၇)သင်တန်းသား ခွန်အောင်ဇော်ဝင်းနှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ်(၄၅၂) သင်တန်းသား စောပြည့်ဖြိုးဆွေတို့အား ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

မိန့်ခွန်းပြောကြား

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းတပ်ခွဲများအား မိန့်ခွန်းပြောကြားသည်။

(ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

ပြန်လည်ထွက်ခွာ

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံအားပေး

စစ်ရေးပြ အခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ် (၃)မှ ထူးချွန်ဆု ရရှိကြသည့် သင်တန်းသားနှစ်ဦးနှင့် ယင်းတို့၏ မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



တွေ့ဆုံအားပေးစကားပြောကြား

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ သင်တန်းသားနှစ်ဦးနှင့် မိဘများအား တွေ့ဆုံ အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ငှက်ဖျားရောဂါကာကွယ်ရေး

ငှက်ဖျားရောဂါသည် အဓိကအားဖြင့် ခြင်ကိုက်ရာမှတစ်ဆင့် ကူးစက်ပါသည်။ ငှက်ဖျားပိုးပါသော သွေးသွင်းမိခြင်း၊ ငှက်ဖျားပိုးရှိသော ကိုယ်ဝန်ဆောင်မှ သန္ဓေသားသို့ကူးစက်ခြင်းသည် အလွန်နည်းပါသည်။ သို့အတွက် ငှက်ဖျားရောဂါမဖြစ်အောင် ကာကွယ်ရန် ခြင်မကိုက်အောင် ဆောင်ရွက်ခြင်းသည် အဓိကဖြစ်ပါသည်။ တစ်ဆင့်တက်ပါက ခြင်ပေါက်ပွားမှု လျော့နည်းနိုင်သမျှ လျော့နည်းအောင် ဆောင်ရွက်သွားကြရပါမည်။

လူအများလက်ခံထားသောမှားယွင်းနေသည့် အယူအဆများလည်းရှိပါသည်။ ထိုအယူအဆများမှာ စိမ့်စမ်းရေသောက်ခြင်း၊ စိမ့်စမ်းရေချိုးခြင်း၊ ငှက်ပျောသီး၊ သင်္ဘောသီး၊ မျှစ်စားခြင်း၊ ပင်ပန်းခြင်း၊ မိုးမိခြင်းတို့ကြောင့် ငှက်ဖျားရောဂါဖြစ်ရသည်ဟူသောအယူအဆများဖြစ်သည်။ ဤမှားယွင်းသော အယူအများ လက်ခံထားပြီး စိမ့်စမ်းရေ မသောက်၊ ငှက်ပျောသီး၊ သဘ်ာသီး၊ မျှစ်မစားသော်လည်း ငှက်ဖျားခြင်ကိုက်က ငှက်ဖျားရောဂါရမှာပင်ဖြစ်သည်။ ငှက်ဖျားရောဂါမရရှိရေး အဓိကလက်ခံဆောင်ရွက်ရန်မှာ ခြင်မကိုက်အောင် တစ်ကိုယ်ရေ ကာကွယ်ခြင်းပင်ဖြစ်ပါသည်။

ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်ဆိုသလို တိုက်ဆိုင်မှုများကြောင့်လည်း အယူအဆများ ယနေ့အထိစွဲနေကြသည်။ ငှက်ဖျားခြင်သည် တောထဲတွင် ယေဘုယျအားဖြင့် စိမ့်စမ်းချောင်းထဲတွင် ဥအုပြီးအကောင်ပေါက်သည်။ ပေါက်လာသောခြင်ကောင်သည် အနီးရှိချုံများ၊ အပင်များတွင်ခိုအောင်းနေသည်။ ညနေစောင်းသည်နှင့် ခြင်မများ စတင်သွေးစုပ်ရန်အချိန်ရောက်လာသည်။ သည်အချိန်မှာပင် တောထဲတွင်လုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းခွင်သိမ်းပြီး စိမ့်စမ်းချောင်းတွင်ရေချိုးကြသည်။ ရေချိုးစဉ် ခြင်အကိုက်ခံရခြင်းကို မသိလိုက်ဘဲ ငှက်ဖျားဖြစ်သောအခါ စိမ့်စမ်းရေချိုး၍ဟု ထင်ကြသည်။ ငှက်ဖျားပိုးရှိနေသူသည် စနစ်တကျ ဆေးပတ်လည်အောင်ကုသရန်အရေးကြီးသည်။ သေချာစွာမကုပါက လူ့ကိုယ်ထဲတွင် ပိုးများအကုန် မသေဘဲကျန်နေသည်။ ထိုအချိန်မှာ ငှက်ပျောသီး၊ သင်္ဘောသီး၊ မျှစ်စားမိပါက ဤအစာများသည် ငှက်ဖျားပိုး၏ အာဟာရများဖြစ်သည်။ ငှက်ဖျားပိုးများ အာဟာရဓာတ်ရ၍ ပိုပွားလာကြသည်။ ငှက်ဖျားရောဂါပြန်ကြွလာသည်။ ငှက်ပျောသီး၊သင်္ဘောသီး၊ မျှစ်စား၍ ငှက်ဖျားဖြစ်ရခြင်းမဟုတ်ပါ။ နဂိုကျန်နေသောပိုးများရှိက ငုပ်နေရာမှ ရောဂါပြန်ကြွခြင်းသာဖြစ်သည်။ ထို့အတူ ငှက်ဖျားရောဂါရှိနေသော သူတစ်ယောက်သည် သေချာစွာမကုသပါက ငှက်ဖျားပိုးများ ကိုယ်ထဲအောင်းကျန်နေပြီး ကိုယ်ခံအားကျချိန် (ဥပမာ-ပင်ပန်းခြင်း၊ အိပ်ရေးပျက်ခြင်း၊ မိုးမိခြင်းတို့ကြောင့်) ရောဂါပြန်ကြွလာတတ်သည်။ ငှက်ဖျားရောဂါသည် ခြင်ကိုက်ရာမှ ကူးစက်ခြင်းသာဖြစ်သည်ဟု ထပ်မံ၍ဆိုပါရစေ။

ငှက်ဖျားခြင်ကို Anopheles(အနိုဖလိ)ခြင်ဟုခေါ်ကြသည်။ ယေဘုယျအားဖြင့် တောင်ပံတွင် အစက်အပြောက်များပါသည်။ ၄၅ ဒီဂရီခန့် ထောင်၍နားသည်။ လူကိုကိုက်စဉ် နောက်ခြေနှစ်ချောင်းသည် လေထဲတွင် လွတ်လပ်စွာလှုပ်ရှားနေသည်။ ယေဘုယျသိရန်သာဖြစ်သည်။ မည်သည့်ဒေသမဆို ခြင်အကိုက်မခံရလျှင်အကောင်းဆုံးဖြစ်သည်။ ငှက်ဖျားရောဂါရရှိလာပါက ကျန်းမာရေးထိခိုက်သည်။ ကလေးငယ်များ ပညာရေးထိခိုက်သည်။ ကိုယ်ဝန်ဆောင်များ သန္ဓေသားကိုထိခိုက်သည်။ အလုပ်အကိုင်ပျက်ခြင်း၊ ဆေးကုရခြင်းကြောင့် မိသားစုဝင်ငွေ၊ စီးပွားရေးကိုထိခိုက်စေသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေသည်။ ထို့ကြောင့် လူတိုင်းသည် ငှက်ဖျားရောဂါကို မိမိကျရာအခန်းကဏ္ဍမှ ကာကွယ်နှိမ်နင်းသွားရန် လိုအပ်ပါသည်။

ငှက်ဖျားရောဂါကာကွယ်ရေးအနေဖြင့် တစ်ဦးတစ်ယောက်ချင်းနှင့် မိသားစုအလိုက် ဆောင်ရွက်နိုင်သော လုပ်ငန်းများရှိသည်။ သင်နေထိုင်ရာဒေသသည် ငှက်ဖျားဒေသဖြစ်ပါက ညနေစောင်းလျှင် ပြတင်းတံခါးများ ပိတ်ထားပါ။ ခန်းဆီးလိုက်ကာများကို ပိုးသတ်ဆေးစိမ်ပေးနိုင်သည်။ ကျန်းမာရေးဌာနက သတ်မှတ်ထားသည့်အတိုင်း စနစ်တကျစိမ်ရန်လိုအပ်ပါသည်။ ဈေးကွက်တွင် PSI မှ ထုတ်လုပ်ရောင်းချသော KO Tab ဆေးပြားများရှိပါသည်။ ထို့အတူ ခြင်ထောင်များကိုလည်း ဆေးစိမ်ထားရန် လိုအပ်ပါသည်။ ဆေးစိမ်ရန်အဆင်မပြေပါက ရိုးရိုးခြင်ထောင်ကိုပင်သုံး၍ အိပ်ရန်လိုအပ်ပါသည်။ ခြင်ထောင်အနားကို အောက်ခြေတွင်အခင်းဖြင့် သေချာစွာဖိရပါမည်။ လူ့ခန္ဓာကိုယ်နှင့် ခြင်ထောင်ထိလျှင် အပြင်မှခြင်ကိုက်နိုင်သဖြင့် အဝတ်ဖြင့် စနစ်တကျခုထားရန်လိုအပ်ပါသည်။ အချို့ငှက်ဖျားဒေသတွင် ခြင်ကိုက်နှုန်းအလွန်နည်းပါသည်။ ခြင်ကိုက်နှုန်းနည်းသော်လည်း အန္တရာယ်ရှိပါသည်။ ငှက်ဖျားခြင်တစ်ကောင်ကိုက်ရုံဖြင့် ငှက်ဖျား ရရှိနိုင်ပါသည်။ **"ဘယ်နေရာအိပ်အိပ်၊ ဘယ်အချိန်အိပ်အိပ် ခြင်ထောင်ဖြင့်အိပ်ပါ"။** ခြင်ထောင်ထဲမဝင်မီ ခြင်ကိုက်နိုင်ပါသေးသည်။ ခြင်မကိုက်အောင်ဂရုစိုက်ရပါမည်။ အေးသောရာသီ၊ အေးသောဒေသတွင် အဝတ်အစား ထူထူရှည်ရှည်ဝတ်နိုင်သည်။ ပူသောဒေသတွင် အဝတ်ပိုင်း၊ ယပ်တောင်တို့ဖြင့် မကြာခဏခြင်မောင်းနေရမည်။ ခြင်ဆေးခွေထွန်းခြင်း၊ မီးခိုးမှိုင်းတိုက်ခြင်းကြောင့် ခြင်ကိုက်မှုလျော့နိုင်သော်လည်း ရေရှည်တွင် ရင်ကျပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ရရှိနိုင်သဖြင့် ဖြစ်နိုင်ပါက မသုံးသင့်ပါ။ အထူးသဖြင့် လေလုံတိုက်ခန်းများ၊ အိမ်များတွင် ခြင်ဆေးခွေ သုံးခြင်းကြောင့် အသက်အန္တရာယ်ရှိနိုင်ပါသည်။ ခြင်ထောင်ထဲမဝင်မီ ခြင် အန္တရာယ်ကာကွယ်သောဆေးများ လိမ်းထားနိုင်ပါသည်။ ဈေးကွက်တွင် ထိုဆေးများလည်းရှိပါသည်။ သုံးနာရီ လေးနာရီခန့် အာနိသင်ရှိပါသည်။

ငှက်ဖျားကာကွယ်ဆေးများ ရှိပါသည်။ ကလိုရိုကွင်း၊ ပိုင်ရီဆင်းခေါ်ဖင်ဆီဒါ မက်ဖလိုကွင်းတို့ဖြစ်ပါသည်။ ကလိုရိုကွင်း၊ ပိုင်ရီဆင်းတို့သည် ယခုအခါ ထိရောက်မှုနည်းပါသည်။ ဘဝတစ်လျှောက်လုံးတွင် သောက်ခဲ့သော ကလိုရိုကွင်းအပြား ၃၀၀ခန့်ရှိလာလျှင် မျက်စိကွယ်နိုင်သည်။ ပိုင်ရီဆင်း ကာကွယ်ဆေးသောက်စဉ် ဖော်လစ်အက်စစ်အားဆေး မသောက်ရပါ။ ဆေးအာနိသင်ကို လျော့စေပါသည်။ မက်ဖလိုကွင်းသည် အထက်ပါဆေးနှစ်မျိုးနှင့်စာလျှင် ထိရောက်မှုရှိသော်လည်း ရေတိုသာ သောက်သင့်သည်။ တစ်ပတ်တစ်ကြိမ်နှုန်းဖြင့် ရှစ်ပတ်ထက် ပိုမသောက်သင့်ပါ။ ရေရှည်တွင် နှလုံးကို ထိခိုက်နိုင်သည်။ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နိုင်သည်။ ထို့ကြောင့် ငှက်ဖျားဒေသတွင် နှစ်ဖြစ်ချီ၍ နေထိုင်မည့်သူများမသောက်သင့်ပါ။ ယေဘုယျအားဖြင့် မည်သည့်ကာကွယ်ဆေးမျှ ရာနှုန်းပြည့်အကာအကွယ်မပေးပါ။ ခြင်အကိုက်မခံရအောင် ဂရုစိုက်နေသွားဖို့သာ အဓိကဖြစ်သည်။ ကာကွယ်ဆေးသောက်ရာတွင် အပတ်စဉ် နေ့မှန်မှန်၊ အချိန်မှန်မှန် သောက်ရန်အရေးကြီးသည်။ နေ့မှန်၊ အချိန်မှန် မသောက်ပါကလည်း ဆေးအာနိသင်မရနိုင်ပါ။

ခြင်မကိုက်အောင် ကာကွယ်ရေးနည်းများ သုံးသော်လည်း အခန့်မသင့်က ခြင်အကိုက်ခံရပြီး ရောဂါရနိုင်ပါသည်။ မိမိတွင် ငှက်ဖျားရောဂါရှိနေသည်ဟု သံသယရှိပါက အမြန်ဆုံးသွေးစစ်ဆေးပြီး ဆေးကုသမှုခံယူရန် အရေးကြီးပါသည်။ အထူးသဖြင့် ငှက်ဖျားမဖြစ်ဖူးသူများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးငယ်များတွင် ငှက်ဖျားဖြစ်ပွားသည်ဟု သံသယရှိပါက ၂၄နာရီအတွင်း စောစီးထိရောက်သော ကုသမှုခံယူရန်လိုအပ်ပါသည်။ အနီးဆုံး ကျန်းမာရေးဌာနသို့ သွားရောက်ပြသရန် လိုအပ်ပါသည်။ မိမိသဘောဖြင့်ဆေးဝယ်သောက်ခြင်းမျိုးလုံးဝမလုပ်သင့်ပါ(ဥပမာ-အာတီဆူနိတ်ဆေးပြား၊ မက်ဖလိုကွင်းဆေးပြားများဝယ်သောက်ခြင်း)။ အချို့ဒေသများတွင် အထက်ပါဆေးများသည် အတုများ ရှိနိုင်ပါသည်။ မိမိသောက်သောဆေးသည် အတုဖြစ်ပါက ဆေးအာနိသင်မရရှိဘဲ ရောဂါပြင်းထန်လာနိုင်ပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် ငှက်ဖျားရောဂါကို မဖြစ်ပွားမီကပင် တစ်ကိုယ်ရေကာကွယ်ခြင်းဖြင့် ခြင်ကိုက်မှု အတတ်နိုင်ဆုံးကာကွယ်သွားရန်ဖြစ်ပါသည်။ ရောဂါဖြစ်ပွားလာပါက စနစ်တကျ ကုသသွားရန်လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

စောလွင်-ငှက်ဖျား

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မိဘရိပ်သီတဂူဓမ္မသဘင်(အထူးတရားပွဲ)

ရန်ကုန် ဇန်နဝါရီ ၆

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာအရှင် ဉာဏိဿရ (D.Litt)(Ph.D)သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၀ ရပ်ကွက် လှော်ကားလမ်း အမှတ် ၁ ရှိ သီရိသုဓမ္မဓဏီဇောတရေ သီတဂူဦးနိုင်ဦး (မိဘရိပ်)-သီတဂူ ဒေါ်အေးသိန်း မိဘရိပ်ကုမ္ပဏီလီမိတက်၊ မိဘရိပ် သစ်စက် မိသားစုတို့၏ အလှူမင်္ဂလာမဏ္ဍပ်ရှေ့၌ ၁၃၆၇ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက် (ဇန်နဝါရီ ၂၂ ရက်) တနင်္ဂနွေနေ့ ည ၇ နာရီတွင် သီတဂူဓမ္မသဘင် အထူးတရားပွဲ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ် သီတာလမ်း အမှတ်၁၃/၁နေ မိခင်ကြီး ဒေါ်ကျင်နုက သားဖြစ်သူ ဦးသိန်းတန်၏ (၆၀) နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ငွေကျပ် သိန်းငါးဆယ်နှင့်ရှစ်သောင်းသုံးထောင်ကိုအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဲခူးမြို့ စိန်မှူးမိသားစု၏ ဓမ္မအလှူတော် ပဋ္ဌမအကြိမ်တရားပွဲကို ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ အနောက်မုခ်ဦးအနီး ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

တရားပွဲတော်ကြီးတွင် အရှင်ဇဝန(မေတ္တာရှင်) မန္တလေးကျောင်း၊ ရွှေပြည်သာ ရန်ကုန်မြို့က ဇန်နဝါရီ ၁၀ရက်(အင်္ဂါနေ့)ညတွင်လည်းကောင်း၊ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)က ဇန်နဝါရီ၁၁ရက် (ဗုဒ္ဓဟူးနေ့) ညတွင်လည်းကောင်း၊ ဓမ္မဒူတ အရှင်ဆေကိန္ဒ သာသနဓဇ (သဒ္ဓမ္မနေပုည သာသနဇောတိပါလ ဓမ္မာစရိယ) ဓမ္မကထိက ဗဟုဇနဟိတဓရေ A.G.T.T (Civil)က ဇန်နဝါရီ ၁၂ရက် (ကြာသပတေးနေ့) ညတွင်လည်းကောင်း ဟောကြားတော်မူကြမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မင်္ဂလာဒုံမြို့နယ် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ဆုနှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးမြင့်(နယူးရွှေစင်)က တက္ကသိုလ်ဝင်တန်း ငါးဘာသာဂုဏ်ထူးရှင် မဆုမိုမိုထွန်းအား ဆုချီးမြှင့်စဉ်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဇန်နဝါရီလအတွက်

(၈-၁-၂၀၀၆)ရက်နေ့

နှင့်

(၂၉-၁-၂၀၀၆)ရက်နေ့

မြဝတီရုပ်မြင်သံကြား

၇-၁-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ မိုးကုတ်ဆရာတော်ကြီး၏ တရားတော်

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၁၅ ၄။ မေးမြန်းစူးစမ်း
- ၁၂:၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ရေသူမလေး"**(အပိုင်း-၁)
- ၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၃၀ ၄။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၄၅ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၅ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၃၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်"** (အပိုင်း-၅၅)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း-၈)

မြန်မာ့ရုပ်မြင်သံကြား

၇-၁-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ တေးဂီတအစီအစဉ်
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နမ့်မွေတံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar made Easy

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၂:၀၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၃:၂၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နေခြည်နွေးနွေး"**(အပိုင်း-၂၀)
- ၁၃:၅၅ ၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁၄:၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၄:၂၀ ၈။ အဆိုပြိုင်ပွဲ
- ၁၄:၃၀ ၉။ **"မမြင်ကွယ်ရာ"** မောင်မောင်မြင့်၊ စိန်ဂွက်ထော် (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၁၄:၃၅ ၁၀။ အိန္ဒိယစက်ခေါင်းနှင့် လူစီးတွဲများ စတင်အသုံးပြုမည့် ရန်ကုန်-ပျဉ်းမနားခရီးစဉ်
- ၁၄:၄၅ ၁၁။ International News
- ၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
- ၁၇:၁၅ ၆။ အကပြိုင်ပွဲ
- ၁၇:၂၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၃၀ ၈။ တေးဂီတအစီအစဉ်
- ၁၇:၄၀ ၉။ အတီးပြိုင်ပွဲ
- ၁၇:၅၀ ၁၀။ တေးဂီတအစီအစဉ်
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၉:၀၅ ၁၄။ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ပြခန်း အကြောင်းသိကောင်းစရာ
- ၁၉:၂၀ ၁၅။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့်အနှစ်သာရ အပိုင်း(၃)
- ၁၉:၃၅ ၁၆။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု **"စက်မှုအားနှင့်အညီ ရွှေနိုင်ငံသစ်တည်"**
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ

ဖယ်ခုံ လွယ်ပန်းစုံကျေးရွာ ဓမ္မရုံသီဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူပွဲနှင့် အနေကဇာတင်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ဖယ်ခုံမြို့နယ် လွယ်ပေါကျေးရွာအုပ်စု လွယ်ပန်းစုံကျေးရွာရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်ကိန်းဝပ်ရာ ဓမ္မရုံသီဆုတောင်းပြည့်စေတီတော်အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ အရံစေတီတော်များအား ရွှေထီးတော်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားတို့ကို ဒီဇင်ဘာ ၂၂ ရက်တွင် ယင်းစေတီတော်၌ ကျင်းပသည်။

အခမ်းအနားသို့ ဖယ်ခုံမြို့နယ် သံဃနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များက ဦးဆောင်ပြီး အရံစေတီတော် ဒါယကာ ဒါယိကာမများ ဖြစ်ကြသော ဖယ်ခုံတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးအေး၊ ရန်ကုန်မြို့မှ ဦးသန့်ဇင်၊ ဖယ်ခုံမြို့မှ စိုင်းထွန်းဝင်းနှင့် လွယ်ပန်းစုံကျေးရွာမှ ဦးထွန်းမောင်တို့က အရံစေတီတော်များ တင်လှူ၍ ဖယ်ခုံတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးအေးနှင့်ဇနီး ဒေါ်နီလာကို မိသားစုတို့က တံခွန်တိုင်ကို လှူဒါန်းခဲ့သည်။

ထို့နောက် ဖယ်ခုံတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးအေးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုကို ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်တုန်းနွယ်ဖွား ဘိုးဘွားများပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်) ကကြီးမှူး၍ (၂၆)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ အသက် ၇၅နှစ်နှင့်အထက် အသင်းဝင်သက်ကြီးများ ပူဇော်ပွဲနှင့် (၆၇)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ရွှေတိဂုံဘုရားကြီး အရှေ့ဘက်မုခ် အနီး ဗဟန်းကြားတောရလမ်း ဧရာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ညောင်တုန်းနွယ်ဖွားအားလုံး တက်ရောက်ကြပါရန်နှင့် ခြောက်ဘာသာ ဂုဏ်ထူးရှင်များ၊ ညောင်တုန်းမြို့နယ် စာစစ်ဌာနမှ သုံးဘာသာဂုဏ်ထူးရှင်များ၊ အသင်းဝင်သက်ကြီးပုဂ္ဂိုလ် ၈၀ ခန့်ပါရှိမည်ဖြစ်ရာ အမှတ် ၂၇၅ (ပထမထပ်) ပန်းဆိုးတန်းလမ်း ညောင်တုန်းမြို့နယ်အသင်း ဖုန်း-၃၈၀၁၀၆ သို့ အလှူငွေနှင့်အမည်စာရင်း ပေးပို့ကြရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်း(၁၂)ကြိမ်မြောက်နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဇန်နဝါရီ၅ ရက် ညပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်လွင် **(အောက်ပုံ)** နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြရာ အသင်းဝင်များက အတည်ပြုကြသည်။ ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးအေးလွင်က မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ အသင်းဖွဲ့ စည်းမျဉ်းများ ပြင်ဆင်ချက်ကို တင်ပြရာ အသင်းဝင်များက အတည်ပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းအတွက် အလှူရှင်များက လှူဒါန်းသည့် အလှူငွေကျပ် ၈၄၃ သိန်းကို ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်လွင်က လက်ခံပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

တရုတ်ပြည်မှလာသော ငြိမ်းချမ်းရေးသံတမန်ကျင့်ဟို၏ အနောက်ပိုင်းပင်လယ်ရေကြောင်းခရီးစဉ် နှစ်(၆၀၀)ပြည့်ပြပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက စီစဉ်ခင်းကျင်းပြသသည့် “တရုတ်ပြည်မှလာသော ငြိမ်းချမ်းရေးသံတမန် ကျင့်ဟို (Zheng He)၏ အနောက်ပိုင်း ပင်လယ်ရေကြောင်းခရီးစဉ် နှစ်(၆၀၀)ပြည့် အထိမ်းအမှတ်ပြပွဲ” ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ခရေပင်လမ်းရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာကွမ်မု **(အပေါ်ပုံ)**က “တရုတ်ပြည်မှလာသော ငြိမ်းချမ်းရေးသံတမန်ကျင့်ဟို (Zheng He)၏ အနောက်ပိုင်း ပင်လယ်ရေကြောင်းခရီးစဉ်နှစ်(၆၀၀) ပြည့် အထိမ်းအမှတ်ပြပွဲ” ခင်းကျင်း ပြသခြင်း၏ ရည်ရွယ်ချက်နှင့် ပြပွဲနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုတို့က ဖဲကြိုးဖြတ်၍ ပြပွဲကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် ဧည့်သည်တော်များသည် ပြပွဲ၌ ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ “တရုတ်ပြည်မှလာသော ငြိမ်းချမ်းရေး သံတမန် ကျင့်ဟို (Zheng He)၏ အနောက်ပိုင်း ပင်လယ်ရေကြောင်းခရီးစဉ် နှစ် (၆၀၀) ပြည့်အထိမ်းအမှတ်ပြပွဲ”တွင် တရုတ်ပြည်မှ ကျင့်ဟိုသည် ခရစ်နှစ် အေဒီ ၁၄၀၅ ခုနှစ်မှ ၁၄၃၃ ခုနှစ်အတွင်း ဧရာမသင်္ဘောအဖွဲ့ကို ဦးဆောင်၍ ပင်လယ်နီနှင့် အာဖရိကအရှေ့ဘက် ပင်လယ်ကမ်းရိုးတန်းအထိ ခုနစ်ကြိမ်တိုင် သွားရောက်ပြီး နိုင်ငံဒေသအချင်းချင်း တန်းတူရည်တူ အပြန်အလှန် အကျိုးဖြစ်ထွန်းမှုရှိသော ကူးသန်းရောင်းဝယ်ရေးနှင့် ချစ်ကြည်ရင်းနှီးသော ကူးလူးဆက်ဆံမှု ပြုခဲ့ရာ၎င်း၏ ကြိုးပမ်းဆောင်ရွက်မှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံအားလုံးအပေါ် ငြိမ်းချမ်းစွာ အပြန်အလှန် အလေးထား ဆက်ဆံမှု၏ ပြယုဂ်အဖြစ်လည်းကောင်း၊ တရုတ်လူမျိုးတို့၏ ပင်ပန်းဆင်းရဲခြင်းကို မမှုသည့်၊ သဘာဝကို တိုက်ခိုက်နှိမ်နင်းနိုင်သည့်သန္နိဋ္ဌာန်ကိုလည်းကောင်း၊ တရုတ်အမျိုးသားတို့၏ လွတ်လပ်ပြီး တိုးတက်မှုကိုရယူလိုသည့် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသော အမြဲတေတန်ဖိုးအမြင်ကို လည်းကောင်း ကမ္ဘာ့ပြည်သူများအား နားလည်သဘောပေါက်စေရန် ရည်ရွယ်၍ ပြကွက်အခန်းပေါင်း ၁၇ ခန်းဖြင့် စီစဉ်ခင်းကျင်း ပြသထားသည်။

အဆိုပါပြပွဲကို ယနေ့မှ ဇန်နဝါရီ ၁၆ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ် ပြသထားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆရာဝန်အသင်းဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ် ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် နှစ်ဦး ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ဟံသာဝတီဂေါက်ကွင်း(ပဲခူး)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ယင်းနေ့ နံနက် ၅ နာရီတွင် မြန်မာနိုင်ငံဂေါက်ကွင်းရှေ့မှ ကားထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဦးခိုင်မင်းထွန်းသည် ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးအေးကို (ငြိမ်း)၊ ဦးစိုးအောင်နှင့် ဦးကျော်လင်းတို့နှင့်အတူ ဒီဇင်ဘာ ၂၈ ရက်က မြန်မာဂေါက်သီးရိုက် အသင်းတွင် ဂေါက်သီးရိုက်ကစားကြစဉ် Reygrande No. (1) ဘောလုံးကို Ping Iron (7) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ ကိုက်ရှိ ကျင်းအမှတ် ၅ ကျင်းတွင် တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။**(မြန်မာ့အလင်း)**

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဇန်နဝါရီ ၆

ဇန်နဝါရီ ၆ ရက် မြန်မာစံတော်ချိန် ၁၀ နာရီ ၅၆ မိနစ် ၅၃ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင်၂၈၀ခန့် ကွာဝေးသော ကပ္ပလီကျွန်းစုအနီးရှိ ပင်လယ်ပြင် (အိန္ဒိယဒေသ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာ စကေး ၅ ဒသမ ၆ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း သက်ဆိုင်ရာမှ တိုင်းထွာရရှိသည်။

မလွန်ဈေးဆန်လှူအသင်း

ရန်ကုန် ဇန်နဝါရီ ၆

မလွန်မြို့ မလွန်ဈေး ဆန်လှူအသင်းကကြီးမှူး၍ နှစ်(၁၁၀)မြောက် ဆွမ်းဆန်တော် လှူဒါန်းနိုင်ရန်အတွက် ဇန်နဝါရီ၅ ရက်မှစ၍ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်များသို့ အလှူခံထွက်လျက်ရှိကြောင်း သိရသည်။ **(က-ပ)**

ဘက္ကရီးအီးဒ်နေ့ အလုပ်ပိတ်ရက်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် ၁၃၆၇ ခုနှစ် ပြာသိုလဆန်း ၁၃ ရက် (၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်) ဗုဒ္ဓဟူးနေ့သည် အီဒွလ်အသွာဟာ (ဘက္ကရီးအီးဒ်)နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာထားသည်။ (သတင်းစဉ်)

ကြက်ဆူပင်သည် ကုန်ကျစရိတ်သက်သာပြီး စိုက်ပျိုးသူများအတွက်အကျိုးအမြတ်ရရှိ စက်သုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော နှစ်ရှည်သီးနှံတစ်မျိုးဖြစ် မျိုးစေ့စုဆောင်းခြင်း၊ ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ်မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပရာ ပျိုးဥယျာဉ်သို့သွားရောက်၍ ပျိုးဥယျာဉ်ဝင်းအတွင်း Jatropha Curcas ကြက်ဆူပင်ပျိုးထောင်စုဆောင်းထားရှိမှုများကိုကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ရှေးဦးစွာ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများသည် ပျိုးထုပ်များအတွင်း Jatropha Curcas ကြက်ဆူပင် မျိုးစေ့များထည့်သွင်း၍ပျိုးထောင်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပျိုးဥယျာဉ်ဝင်းအတွင်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက Jatropha Curcas ကြက်ဆူပင်ကို အစေ့ချ စိုက်ပျိုးနည်းစနစ်ဖြင့်စိုက်ပျိုးရန် တစ်ဧကလျှင် အပင် ၁၂၀၀နှုန်းဖြင့် ဧက၂၀၀အတွက်မျိုးစေ့ပေါင်း ၂၄၀၀၀၀ ကို ပျိုးထုပ်များဖြင့် စနစ်တကျ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ ကိုင်းဖြတ်မျိုးပွား စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးရန် တစ်ဧကလျှင်အပင်၁၂၀၀ နှုန်းဖြင့် သုံးဧက အတွက် ကြက်ဆူပင်ကိုင်း စုစုပေါင်း ၃၆၀၀ကို ပျိုးထုပ်များဖြင့် ကိုင်းဖြတ် မျိုးပွားထားရှိမှုကိုလည်းကောင်း၊ Jatropha Curcas ကြက်ဆူပင် စုစုပေါင်းဧက ၁၀၀၀၀ စိုက်ပျိုးရန်အတွက် ကြက်ဆူပင် မျိုးစေ့များကို ပျိုးထုပ်များအတွင်း ထည့်သွင်းပျိုးထောင်နေမှုကို လည်းကောင်း၊ ကြက်ဆူပင်စိုက်ပျိုးနည်းစနစ်များဖြစ်သည့် အစေ့ချ စိုက်ပျိုးနည်းနှင့် ကိုင်းဖြတ် မျိုးပွား စိုက်ပျိုးနည်းစနစ်များ အတိုင်းစနစ်တကျထိန်းသိမ်း၊သိုလှောင်၊ ပျိုးထောင်ထားရှိမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေတို့က လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် တိုင်းမှူးက ကုန်ကျစရိတ်သက်သာ၍ စိုက်ပျိုးသူများအတွက် အကျိုးအမြတ် ရရှိစေပြီး နိုင်ငံတော်၏ စက်သုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော နှစ်ရှည်သီးနှံ တစ်မျိုးဖြစ်သည့် Jatropha Curcas ကြက်ဆူပင် စိုက်ပျိုးရန်အတွက် မျိုးစေ့ စုဆောင်းခြင်း၊ ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်း လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအနေဖြင့် Jatropha Curcas ကြက်ဆူပင် ဧက ၁၀၀၀၀ စိုက်ပျိုးရန် သတ်မှတ် လျာထားပြီးဖြစ်ရာ ယနေ့အထိ မျိုးစေ့ပေါင်း ၂၄၀၀၀၀၊ မျိုးကိုင်းပေါင်း ၃၆၀၀ပျိုးထောင်ထားပြီးဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းအနေဖြင့် ၂၀၀၆ခုနှစ်မှ စတင်၍ သုံးနှစ်အတွက် Jatropha Curcas ကြက်ဆူပင်ဧက ငါးသိန်း စိုက်ပျိုးပြီးဖြစ်ရန်အတွက် မျိုးစေ့စုဆောင်းခြင်း၊ ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းနှင့် စိုက်ပျိုးရေးနည်းပညာပေးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာ၃ရက်က ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ထီးတော်၊ငှက်ပျောဖူးတော်များအား ရတနာပစ္စည်းများနှင့်ရွှေစင်ရွှေသားရွှေသင်္ကန်းများဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပစဉ်။ (ဝ၅၂)

ငါးကျမ်းပြန်(ထားဝယ်)သာသနာ့ရိပ်သာ ကျောင်းဆောင်တော်ရေစက်ချပွဲနှင့် နှစ်ဦးတရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၃) ရပ်ကွက် ငါးကျမ်းပြန် (ထားဝယ်) သာသာနာ့ရိပ်သာအတွင်း၌ အောင်မြင်စွာဆောက်လုပ်ပြီးစီးသော ပညာပါရမီ သုံးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချ အခမ်းအနားကို ဇန်နဝါရီ ၈ ရက်(၁၃၆၇ ခုနှစ် ပြာသိုလဆန်း ၁၀ ရက်) တနင်္ဂနွေနေ့ နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ရေစက်ချအနုမောဒနာတရားတော်နာ ဖိတ်ကြားထားပြီး အလှူရှင် တစ်ဦးချင်းထံသို့ ဖိတ်စာများပို့ထားပြီးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖိတ်စာမရောက်ရှိခဲ့ပါက ကြွရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

အဆိုပါ သာသနာ့ရိပ်သာ၌ပင် ခုနစ်ရက်တရားစခန်းပွဲကို ပဓာနနာယက ဆရာတော် ဒေါက်တာအရှင်ဓမ္မပိယသာသနဓဇ ဓမ္မာစရိယ Ph.D(U.S.A) သည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း ဇန်နဝါရီ၁၄ရက်မှ ၂၁ ရက်အထိ ဟောပြောပြသပေးမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဇန်နဝါရီ၁ရက်မှစတင်၍ ဖုန်း-၅၇၁၃၁၂၊၅၆၂၄၄၁ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းတိုက်တွန်းနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားများ မော်လမြိုင်၊ မြိတ်နှင့် မန္တလေးမြို့များ၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်နံနက်ပိုင်းက မွန်ပြည်နယ် မော်လမြိုင်မြို့ မောရဝတီကွင်း၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နံနက် ၄နာရီ မိနစ်၂၀တွင် နိုင်ငံတော်အလံတင်အခမ်းအနားကို ကျင်းပပြီး နံနက် ၇ နာရီတွင် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုခြင်းအခမ်းအနားကို ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ် စိုးနိုင်နှင့် တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံကို အလေးပြုခြင်း၊ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပသည့် ပြည်နယ် ဂုဏ်ဆောင်ဆုရရှိကြသူများနှင့် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်၍အမှာစကားပြောကြားပြီးဆုရရှိကြသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ် ချီးမြှင့်ကြသည်။

မြိတ်မြို့

အလားတူ ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက် ၇နာရီခွဲက တနင်္သာရီတိုင်း မြိတ်မြို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဟုန်ငိုင်းနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း တို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေက ဖတ်ကြားသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းအဖွဲ့က သရုပ်ပြတီးမှုတ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မန္တလေးမြို့

ထို့အတူ(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက် ၇ နာရီက မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တက်ရောက်၍ ဧည့်ပရိသတ်များနှင့်အတူ နိုင်ငံတော်အလံ အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖတ်ကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၆

ကမ္မဋ္ဌာန်းဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၏ သတ္တမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၂၈ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း မင်္ဂလာဗျူဟာအသင်းချုပ်၌ကျင်းပမည်ဖြစ်ရာ အဖွဲ့ဝင်များနှင့် ကမ္မဋ္ဌာန စရိယများ အားလုံး မပျက်မကွက် တက်ရောက်ကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ထိုင်းရေကူးအဖွဲ့အား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး ဖိတ်ခေါ်ရေကူးပြိုင်ပွဲနှင့် ရေထဲကဘဲလေး သရုပ်ပြပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင်သရုပ်ပြခဲ့သော Maj. Gen. Pichit Boonyatikarnခေါင်းဆောင်သော ထိုင်းရေကူးအဖွဲ့အား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံပွဲကိုယမန်နေ့ည ၇ နာရီက ကရဝိက်နန်းတော်တွင် ကျင်းပရာမြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီးဂုဏ်ပြုလက်ဆောင်များ ပေးအပ် ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဂုဏ်ပြုညစာစားပွဲသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံ နာယကများ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာခင်ရွှေနှင့်အမှု ဆောင်များ၊ ထိုင်းရေကူးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာ့လက်ရွေးစင်ရေကူးအားကစားသမားများ တက်ရောက်ကြသည်။

ဂုဏ်ပြုပွဲတွင် အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြု အမှာစကားပြောကြားသည်။ ယင်းနောက် ထိုင်းရေကူးအဖွဲ့ခေါင်းဆောင် Maj. Gen. Pichit Boonyatikarn က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က ထိုင်းရေကူးအဖွဲ့အား အမှတ်တရလက်ဆောင်များပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ထိုင်းရေကူးအဖွဲ့ခေါင်းဆောင် Maj. Gen. Pichit Boon yatikarnက ဝန်ကြီးနှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံနာယကများအား အမှတ်တရလက်ဆောင်များပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

ပထမအကြိမ်စုပေါင်းရဟန်းခံရှင်ပြုအလှူတော် ဖယ်ခုံတပ်နယ်၌စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ဖယ်ခုံတပ်နယ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များ၏ ပထမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်ကို ဒီဇင်ဘာ ၂၀ရက်နှင့် ၂၁ရက်တို့တွင် ဖယ်ခုံမြို့သဒ္ဓမ္မသိဒ္ဓိကျောင်းတိုက်၌ကျင်းပရာ ဖယ်ခုံတပ်နယ်မှ ဗိုလ်မှူးကြီး မျိုးအေးနှင့် တပ်ရင်းတပ်ဖွဲ့များက စစ်သည်နှင့် ဒေသခံတိုင်းရင်းသား ရဟန်းလောင်း ၁၃၁ ပါးနှင့် ရှင်သာမဏေလောင်း ၁၉၁ ပါး စုစုပေါင်း ၃၂၂ပါး တို့အား သာသနဘောင်သို့ သွတ်သွင်းချီးမြှင့်သည်။

ဒီဇင်ဘာ ၂၁ ရက်တွင် ဖယ်ခုံတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးအေးနှင့်အတူ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက သံဃာတော် ၁၆၅ပါး တို့အား တန်းဖိုးငွေကျပ် ၇၆၄၀၀၀တန်ဖိုးရှိ ဝတ္ထုပစ္စည်းအစုစုတို့ကို သိမ်ဆင်း လောင်းလှူကြပြီး ညနေပိုင်းတွင် မြို့တွင်း၌ ရဟန်းနှင့် ရှင်သာမဏေ ၃၂၂ပါး တို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

ယင်းအလှူတော် မင်္ဂလာပွဲညများတွင် အငြိမ့်၊ တီးဝိုင်းနှင့် မော်ကွန်း ရုပ်ရှင်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ဖျော်ဖြေတင်ဆက်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ပခုက္ကူမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းကုသပေး

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့ မျက်စိရောဂါကု ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာကံညွန့် ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့သည် ဒီဇင်ဘာ ၂၈ရက်မှ၃၀ရက် အထိမကွေးတိုင်း ပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ပခုက္ကူမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ မျက်စိခွဲစိတ်ကုသမှုပေးခဲ့ကြသည်။

မျက်စိခွဲစိတ်ကုသမှု အဖွဲ့တွင် ပါမောက္ခဒေါက်တာရဲနိုင်နှင့်ရန်ကုန်မြို့ မျက်စိရောဂါကုဆေးရုံကြီးမှ မျက်စိ အထူးကုဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာအေးအေးခိုင်၊ ဒေါက်တာ နီလာသိန်း၊ ဒေါက်တာညိုညိုမြင်း၊ ဒေါက်တာစောသွင်မွန်သိန်း၊ သူနာပြု ဆရာမများနှင့် Alcon ကုမ္ပဏီမှ ဝန်ထမ်းများပါဝင်လိုက်ပါပြီး သံဃာ တော် ၄၅ပါး၊ သီလရှင် ၁၅ပါး အပါ အဝင် အတွင်းတိမ်လူနာ ၂၁၄ ဦး တို့ကို ခွဲစိတ်ကုသပေးခဲ့ကြသည်။

ပံ့ပိုးကူညီ

မျက်စိ ကွင်းဆင်းကုသရာသို့ နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပခုက္ကူမြို့ အလယ်တိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရနှင့် ပခုက္ကူတပ်နယ်မှ ဗိုလ်မှူးကြီးမောင်မောင်အုန်း ဦးဆောင် သော တပ်မတော်သားများ၊ ပခုက္ကူ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ ဝင်များ၊ စိတ်ထားဖြူစင် ပါရမီရှင် အသင်းဝင်များ၊ပခုက္ကူဆေးရုံအုပ်ကြီး ဒေါက်တာသိန်းထွန်းနှင့် ဒေါက်တာ ဦးဌေး ဦးဆောင်သော ဆေးရုံဝန်ထမ်း များ၊ ပခုက္ကူမြို့မှ မျက်စိဆရာဝန် များနှင့် မြို့မိမြို့ဖများက လိုအပ် သည်များကို ပံ့ပိုးကူညီဆောင်ရွက် ပေးခဲ့ကြသည်။

လှူဒါန်း

အဆိုပါ မျက်စိကွင်းဆင်းကုသ မှုအတွက် လိုအပ်သောမျက်စိခွဲစိတ် ကုသပစ္စည်းများနှင့်ဆေးဝါးပစ္စည်း များ ကို စိတ်ထားဖြူစင်ပါရမီရှင်အသင်း စုဘူးအလှူရှင်များ၊ သီးသန့်မျက်စိ အလှူရှင်များနှင့်ဆေးကုမ္ပဏီများဖြစ် ကြသော Alcon ကုမ္ပဏီ၊Ciba ကုမ္ပဏီ၊ Fourteen Star Network၊ KTZ ကုမ္ပဏီ၊ Cipla ကုမ္ပဏီ၊ Ashford ကုမ္ပဏီ နှင့် ဟိန်းမြန်မာကုမ္ပဏီတို့မှ ပါဝင်လှူဒါန်း ခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ မျက်စိရောဂါကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကံညွန့် ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့ မကွေးတိုင်း ပခုက္ကူမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့မျက်စိခွဲစိတ်ကုသမှုပေးခဲ့ရာ ခွဲစိတ်ကုသပြီး သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များအား တွေ့ရစဉ်။
(သတင်းစဉ်)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏စက်မှုကဏ္ဍ

တပ်မတော်အစိုးရလက်ထက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်

ပုဂ္ဂလိကစက်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာ

တပ်မတော်အစိုးရသည် ပုဂ္ဂလိက စက်မှုလက်မှုကဏ္ဍအပိုင်း၌ နည်း ပညာ အတတ်ပညာများ တိုးတက် မြင့်မားလာစေရန် စံချိန် စံညွှန်း သတ်မှတ်ချက်များနှင့်အညီ စက် ပစ္စည်းများ စနစ်တကျထုတ်လုပ် တတ်စေရန်နှင့် ထုတ်လုပ်သည့် စက် ပစ္စည်းများ ဈေးကွက်ရှိစေရန် အားပေး ကူညီလျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်လာ

ယင်းကဲ့သို့ လက်တွဲကူညီခေါ် ယူမှုကြောင့် ပုဂ္ဂလိက စက်မှုလုပ်ငန်း များသည် ယခုအခါ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည်။

ပေါ်လွင်ထင်ရှား

စက်မှုကဏ္ဍ၌ ပုဂ္ဂလိက အပိုင်း၏ ပါဝင်မှုအချိုးအစားကို ကြည့်လျှင် ၂၀၀၂- ၂၀၀၃ ခုနှစ်၌ ၉၀ ရာခိုင်နှုန်း၊ ၂၀၀၃-၂၀၀၄ ခုနှစ်၌ ၉၂ ရာခိုင်နှုန်း၊ ၂၀၀၄-၂၀၀၅ ခုနှစ်၌ ၉၃ ရာခိုင်နှုန်း ကျော် တိုးတက်လျက်ရှိရာ ပုဂ္ဂလိက စက်မှုကဏ္ဍသည် ကျယ်ပြန့် မြင့်မား စွာ ပါဝင်နေကြောင်း ပေါ်လွင် ထင်ရှားစွာ တွေ့ရှိရသည်။

ပိုမိုထုတ်လုပ်လာ

ပုဂ္ဂလိက စက်မှုကဏ္ဍတွင် နိုင်ငံ တော်၏ ပံ့ပိုးမှုကိုရယူ၍ ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များအားလုံး ကြိုးပမ်း အားထုတ်မှုတို့ကြောင့် ခေတ်မီသံနှင့် သံထည်ပစ္စည်း ကိုင်တွယ်မှုနှင့် ပုံထောင်းပုံဖိလုပ်ငန်းများကို မန္တလေး စက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့်တောင်ကြီး အေးသာယာစက်မှုဇုန်များ၌ ထူထောင် ထားပြီးဖြစ်၍ ယခုအခါ အဆင့်မြင့် စက်ပစ္စည်း အစိတ်အပိုင်းများကို ပိုမိုထုတ်လုပ်လာနိုင်ပြီဖြစ်သည်။

သာဓကအားဖြင့် မန္တလေး စက်မှု ဇုန်တွင် ပုဂ္ဂလိကများက အပ်နှံထား သော စက်ပစ္စည်း ၉၇ မျိုး အနက် စက်ပစ္စည်း ၄၇ မျိုး၊ ပစ္စည်းအရေ အတွက် ၆၀၀၀ ခန့် ထုတ်လုပ်ပေးပြီး ဖြစ်သည်။

ထို့ကြောင့် ပြည်တွင်းစက်မှု လုပ်ငန်းအတွက် ယခင်က ပြည်ပမှ မှာယူ တင်သွင်းနေရသော စက်အရန် ပစ္စည်းများကို ယခုအခါ ပြည်တွင်း ၌ပင် တိုးချဲ့ထုတ်လုပ်နိုင်ပြီဖြစ်၍ ကုန်ကျစရိတ် သက်သာသည့်အပြင် နိုင်ငံခြားငွေ ကုန်ကျမှုလည်း လျော့ နည်းလာလျက်ရှိသည်။

မြှင့်တင်အားပေး

တပ်မတော်အစိုးရ လက်ထက် တွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ကို မြှင့်တင်အားပေးနိုင်မှုကြောင့် နိုင်ငံတော်၏ စက်မှုကဏ္ဍမြင့်မား လာပေရာ ပုဂ္ဂလိကကဏ္ဍ၏ စက်မှု လုပ်ငန်းများ မြင့်မားတိုးတက်လာ မှုကို ဖော်ပြပါဇယားတွင် လေ့လာ ကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။

တိုးတက်မြင့်မားလာသော ပုဂ္ဂလိကစက်မှုကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	ပုဂ္ဂလိကစက်ရုံများ	၂၆၈၇၂	၄၂၇၀၇	၁၅၈၃၅
၂	ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ	၃၁၂၀၀	၄၀၀၀၀	၈၈၀၀
၃	စက်မှုဇုန်ရှိလုပ်ငန်းများ	–	၈၄၆၃	၈၄၆၃
၄	အိမ်တွင်းစက်မှုလုပ်ငန်းများ	–	၈၅၀၀	၈၅၀၀
၅	မြန်မာ့စက်မှုလက်မှုပြပွဲအကြိမ်	–	၅	၅
၆	စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲအကြိမ်	–	၂၁	၂၁

သုံးဘီး မော်တော်ဆိုင်ကယ်

နိုင်ငံတော်က ပုဂ္ဂလိက စက်မှု လုပ်ငန်းများကို မြှင့်တင်အားပေး မှုကြောင့် စက်မှုကဏ္ဍမြင့်မား လျက်ရှိရာ ရေနံချောင်း စက်မှုဇုန် မှ ထုတ်လုပ်သော သုံးဘီးမော် တော် ဆိုင်ကယ်များကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၀၆ (စနေနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ အရသာထူးကဲဆယ့်နှစ်ရာသီ ပိန္နဲ
၇း၂၅ တေးဂီတအစီအစဉ်
၇း၃၀ ၂၀၀၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား
၈း၁၅ တေးဂီတအစီအစဉ်
၈း၂၀ ပြည်တွင်းသတင်းအကျဉ်း
၈း၂၅ ဂီတသံစဉ်အလှဆင်(မေဆွိ)
၈း၄၀ ဆူနာမီရေလှိုင်းကာကွယ်ရေး အကြောင်းသိကောင်းစရာ
၉း၁၅ တေးဂီတအစီအစဉ်
၉း၂၀ နိုင်ငံတကာသတင်းအကျဉ်း
၉း၂၅ တေးဂီတအစီအစဉ်
၉း၃၀ အမျိုးသားကန်တော်ကြီးဥယျာဉ် (သဘာဝငှက်ဥယျာဉ်)
၉း၄၅ တေးဂီတအစီအစဉ်
၉း၅၀ မိုးလေဝသခန့်မှန်းချက်
၉း၅၅ တေးဂီတအစီအစဉ်
၁၀း၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၅ Celebrity Profile(တက္ကသိုလ်လဲ့လဲ့၊ ဒေါက်တာဇော်သန်း)
၁၀း၅၅ ပိုက်ဆက်အတတ်ပညာ(အပိုင်း-၁)
၁၁း၀၅ တေးဂီတအစီအစဉ်
၁၁း၁၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅ တေးဂီတအစီအစဉ်
၁၁း၂၀ Management Talk [ဦးမျိုးမြတ်သူ၊ ဦးအေးကျော် (MHR)]
၁၁း၅၅ တေးဂီတအစီအစဉ်
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၆း၃၅	သုံးသပ်ချက် (ဦးတင်မောင်ဆွေ၊ နေမျိုးသူရ၊ ပြည့်ဖြိုးဟန်)	5-Sports
၆း၅၅	Hull City-Aston Villa	5-Cartoons(Live)
၇း၂၅	Wigan -Leeds United	5-Sports(Live)
၉း၂၅	Chelsea-Huddersfield Town	5-Cartoons(Live)
၉း၃၀	Millwall-Everton	5-Sports(Live)
၁၁း၅၅	Luton Town-Liverpool	5-Sports(Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၂း၀၀	Palermo-Juventus	MRTV-4(Live)

ဘုရားဖြူတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၆

နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ပဏ္ဍိတ ဘုရားဖြူဆရာတော် ဘဒ္ဒန္တ နရိန္ဒာ ဘိဝံသ၏ (၈၅)နှစ်မြောက် မွေးနေ့ ဝိဇာတမင်္ဂလာနှင့် သုံးထပ် ကျောင်းတော်ကြီး ရေစက်ချမင်္ဂလာ အထိမ်းအမှတ်အဖြစ် ပုဇွန်တောင် မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ဇန်နဝါရီ ၈ရက် ည၇နာရီတွင် ဘုရား ဖြူဆရာတော်ကြီးကိုယ်တိုင် တရား တော်များ ဟောကြားချီးမြှင့်မည်ဖြစ် ကြောင်း သိရသည်။ **(က-ပ)**

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ စကားဝိုင်းဖွဲ့ဆွေးနွေး အမျိုးသမီးများအကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးရှင်းလင်း

တောင်ကြီး ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ရှမ်းတိုင်းရင်းသူများ စကားဝိုင်းဖွဲ့ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၁ရက် မွန်းလွဲ ၁နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်ငွေ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြလွင်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များ၊ ရှမ်းတိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ငွေက အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး အမျိုးသမီးများအား ကာကွယ် စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်ယုဝေက အမျိုးသမီးများ၏ အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး၊ လူမှောင်ခိုအကြောင်း သိကောင်း စရာများကို ရှင်းလင်းပြောကြားပြီး ရှမ်းတိုင်းရင်းသူများနှင့် ရင်းရင်းနှီးနှီး စကားဝိုင်းဖွဲ့ ဆွေးနွေးသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြတ်ငွေနှင့်အဖွဲ့သည် တောင်ကြီးမြို့ စဝ်စံထွန်း ရပ်ကွက်ရှိ သာသနဝံသီ သီလရှင်စာသင်တိုက်သို့သွားရောက်ပြီး မဟာဝဏ္ဏဝါစက ပဏ္ဍိတဘွဲ့ တံဆိပ်တော်ရသီလရှင်ဆရာမကြီးဒေါ်ဥတ္တမနန္ဒီကို သွားရောက်ဖူးမြော်ပြီး ဆန်၊ ဆီ၊ ဆေးနှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(ပြည်နယ်အမျိုးသမီးရေးရာ)**

မိုးကောင်းမြို့နယ် အောင်ရှမ်းစုကျေးရွာ မျိုးဆက်သစ် စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ၂၇ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်နှင့် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၄၁၆)

တာလေ၌ ကျောက်ချောလမ်းသစ်ခင်း

တာလေ ဒီဇင်ဘာ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာလေမြို့ စည်ပင်သာယာရေးအဖွဲ့ မြို့တာဝန်ခံ ဦးကျော်ကျော်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးထိုက်တို့ ဦးဆောင်၍ ဒီဇင်ဘာ၁၀ရက်က အဖွဲ့ရန်ပုံငွေကျပ် ၁၄ ဒသမ ၅၂၅ သိန်းဖြင့် ဆောင်ရွက်သော ဘုရင့်နောင်လမ်း ပေအရှည် ပေ ၄၂၀၊ အကျယ် ၁၂ ပေ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အောင်မင်္ဂလာ(၁)လမ်း ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းပြီးစီးမှုကို မွန်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

ကြက်ဆူဆီပင်အစေ့နှင့် ကိုင်းဖြတ်စိုက်ပျိုးမှု နည်းစနစ်များရှင်းလင်း ဇီဝဒီဇယ်ဆီ စပါးရိတ်သိမ်းစက်ဖြင့် လက်တွေ့သရုပ်ပြရိတ်သိမ်း

မုံရွာ ဒီဇင်ဘာ ၂၃

ဇီဝဒီဇယ်ကြက်ဆူဆီဖြင့် လယ်ယာ-၁၆ လက်တွန်းထွန်စက်မောင်းနှင်ခြင်းနှင့် စပါးရိတ်သိမ်းစက်မောင်းနှင်ခြင်း လက်တွေ့သရုပ်ပြပွဲ အခမ်းအနားကို ဒီဇင်ဘာ ၈ ရက်က မုံရွာခရိုင် ယင်းမာပင်မြို့နယ် R-1 ရေလျှံတွင်းစိုက်ကွင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မုံရွာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ဆန်းက ကြက်ဆူဆီပင် စိုက်ပျိုးနိုင်သော ရာသီဥတုနှင့် မြေအမျိုးအစား၊ ခြံစည်းရိုးပင်၊ လေကာပင်နှင့် စီးပွားဖြစ် အကြမ်းခံသီးနှံအဖြစ် ဒေသမရွေး စိုက်ပျိုးနိုင်မှုများ၊ အစေ့မှဖြစ်စေ၊ ကိုင်းဖြတ်၍ဖြစ်စေ၊ စိုက်ပျိုးမှုနည်းစနစ်များကို အသေးစိတ်ရှင်းလင်းသည်။

သရုပ်ပြ

ဆက်လက်ပြီး မုံရွာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်နှင့် တာဝန်ရှိသူများ၊ဒေသခံတောင်သူလယ်သမားများက ယင်းမာပင်မြို့နယ် ရေလျှံတွင်းစိုက်ကွင်း၌ဖြစ်ထွန်းအောင်မြင်နေသည့် ရွှေဘို(၂)စပါးခင်းအားဇီဝဒီဇယ်ကြက်ဆူဆီအသုံးပြုသည့် စပါးရိတ်သိမ်းစက်ဖြင့် လက်တွေ့သရုပ်ပြ ရိတ်သိမ်းခြင်း၊ စပါးရိုးပြတ်ခင်းအား ဇီဝဒီဇယ်ကြက်ဆူဆီဖြင့် အသုံးပြုသည့် လယ်ယာ-၁၆ လက်တွန်း ထွန်စက်နှင့် ထွန်ယက်ခြင်းများဖြင့်လက်တွေ့သရုပ်ပြခြင်းများကို ကြည့်ရှုကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အမှတ် ၁၅လမ်း နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုကို ဒီဇင်ဘာ ၁၀ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွန့်က ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

စေတုတ္တရာမြို့ ပြည်သူ့ဆေးရုံသွား လမ်းဘေးဝဲယာတွင် ဒီဇင်ဘာ ၁၇ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ပေါင်းမြက်များရှင်းလင်း ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမိုးဇော်အောင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ

၈-၁-၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၁၀း၀၀ သိပ္ပံအကြောင်း သိကောင်းစရာ (ကမ္ဘာကြီးပူနွေးလာမှု သက်သာစေမည့် နည်းလမ်းများ- သိပ္ပံမှူးတင်)
၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုးအစီအစဉ် (အသေးစား နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်းများအကြောင်း)
၁၁း၃၀ မေတို့တွက်တာ လုကမ္ဘာ (နှစ်သစ်ရက်မှာ ပြုံးပျော်စွာ ဒီဇိုင်းဆန်းလေးနှင့်အလှဆင်ပါ)
၁၂း၀၀ ကလေးများ၏ပုံပြောပြိုင်ပွဲအစီအစဉ် (စည်းကမ်းနှင့် အလုပ်ပုံပြင်)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ကြေကွဲသီလ)
၁၃း၁၀ ယဉ်ကျေးမှု အနုပညာ (ကာတွန်းရုပ်ပြောင်-ဦးမင်းနိုင်)

ညနေပိုင်း

၁၇း၀၀ ဟဒယရွှင်ဆေး (လူရွှင်တော်မန်းကျော်နှင့် ခတ်ရီတို့၏ ဟဒယရွှင်ဆေး)
၁၇း၁၅ မြန်မာ့မှုဟန်ဇာတိမာန် ဟောပြောချက် (ရွှေနိုင်ငံအတွက် မရိုးနိုင်သည့် မြန်မာမှုနီတိ) (ညွှန့်ဟံ-ကြူတော)
၁၇း၃၀ တေးရေးသူအကြိုက် (ရွှေဘိုတင်အောင်)
၁၈း၄၅ အာယုနှင့် သာဓုဆွေးနွေးခန်း
၁၉း၁၅ အသံလွှင့်ဇာတ် (တော်တော်ထူးတဲ့လူ)
၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (English Lesson Working Knowledge)

တီးတိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ခုခံအားကျဆင်းမှု ရောဂါတားဆီးရေးဆင့်ပွားသင်တန်းဖွင့်

တီးတိန် ဒီဇင်ဘာ ၂၄

ချင်းပြည်နယ် တီးတိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ ဦးဆောင်မှုဖြင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ လေ့ကျင့်ဆွေးနွေးပွဲဆင့်ပွားသင်တန်းကို ဒီဇင်ဘာ ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ညိုက အမှာစကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဆင့်ပွားသင်တန်းကို မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးဒေါ်ဒိုင်းခန့်ဒိမ့်နှင့် အမှုဆောင် အဖွဲ့ဝင် ဒေါ်လွင်းငိုက်လွန်းတို့က သင်တန်းကိုဆက်လက်ပို့ချရာ သင်တန်းတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ၅၀ တက်ရောက်ကြပြီး ခရိုင်အမျိုးသမီးရေးရာ နာယက ဒေါ်သီတာကျော်က လိုအပ်ချက်များ ဖြည့်ဆည်းပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၉-၁-၂၀၀၆ (တနင်္လာနေ့)

❑ အမျိုးနှင့် အမျိုးစောင့်တရား
- ပထမနှစ်အထူးပြုအားလုံး၊ နေ့ကျောင်းသား၊ ကျောင်းသူများ

❑ ပုဂ်ခေတ်လူ့အဖွဲ့အစည်း
- တတိယနှစ် မြန်မာစာအထူးပြုကျောင်းသား၊ ကျောင်းသူ များ

၁၀-၁-၂၀၀၆ (အင်္ဂါနေ့)

❑ လျှပ်စီး၊ ဗို့အားနှင့် ခတ်လိုက်ခြင်း
- ပထမနှစ် ရူပဗေဒအထူးပြု၊ အဝေးသင်၊ နေ့ကျောင်းသား၊ ကျောင်းသူများ

❑ ပုစွန်အကြောင်းသိကောင်းစရာ
- အများပြည်သူ များ

၁၁-၁-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

❑ Contemporary Science and Role of Genetics
- ဒုတိယနှစ်မှ စတုတ္ထနှစ်အထိ ရက္ခဗေဒအထူးပြု အဝေးသင်၊ နေ့ကျောင်းသား၊ ကျောင်းသူများနှင့် ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများ

❑ Natural Perfumes
- ဒုတိယနှစ် ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူများ

၁၂-၁-၂၀၀၆ (ကြာသပတေးနေ့)

❑ Translation Studies
- မဟာဝိဇ္ဇာ အရည်အချင်းစစ် အင်္ဂလိပ်စာအထူးပြု

❑ Psycholinguistics
- ဒုတိယနှစ် မဟာဝိဇ္ဇာ အင်္ဂလိပ်စာအထူးပြု

၁၃-၁-၂၀၀၆ (သောကြာနေ့)

❑ Environmental Engineering
- Postgraduate Students (M.Sc) of Multidisciplinary Course

❑ What is Resources?
- မဟာဝိဇ္ဇာ၊ မဟာအရည်အချင်းစစ် ဂုဏ်ထူးတန်းများ (ဝိဇ္ဇာဘာသာရပ်များ)

နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

၁၄-၁-၂၀၀၆ (စနေနေ့)

❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၁၅-၁-၂၀၀၆ (တနင်္ဂနွေနေ့)

❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ကျောက်စုဆောင်း

မုဒုံမြို့နယ် ကမာဝက်-ထောင်ကေးကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းရန် ကျောက်စုဆောင်းမှုအခြေအနေကို ဒီဇင်ဘာ ၁ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်တို့က ရှင်းလင်းပြသကြစဉ်။ (မြို့နယ်စည်ပင်)

လပွတ္တာမြို့နယ်ဓာတ်ပေါင်းစု တပ်ဦးစေတီတော် စိန်ဖူး၊ ငှက်မြတ်နားနှင့်ရွှေထီးတော် တင်လှူပူဇော်

လပွတ္တာ ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်တွင် တည်ထားကိုးကွယ်တော်မူသော ဓာတ်ပေါင်းစု တပ်ဦးစေတီတော်တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီခွဲက အဆိုပါ စေတီရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ လေးထပ်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တနာဂဝံသမဟာဂန္ထဝါစက အဂ္ဂမဟာပဏ္ဍိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မင်္ဂလာ အချိန်တွင်စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ် တင့်ဆွေ၊ စစ်ဦးစီးပထမတန်း ဒုတိယ ဗိုလ်မှူးကြီး မျိုးမြင့်၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပုညသာဓကံ ကုသိုလ်ဖြစ် သာသနာပြုအဖွဲ့တို့က တင်လှူပူဇော်ကြသည်။ **(ယာပုံ)**

ထို့နောက်လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မဟာအောင်မြေမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးရှင်းလင်း

မန္တလေး ဒီဇင်ဘာ ၁၅

မိုးမှာလေ့ကျင့်၊ ဆောင်းမှာစစ်ဆေး၊ နွေမှာအသင့်ဖြစ်ရေး မီးသတ်ဦးစီးဌာန ဆောင်ပုဒ်နှင့်အညီ မန္တလေးတိုင်းမီးသတ်ဦးစီးဌာနက တိုင်း၊ မြို့နယ်၊ ရပ်ကွက်များကို ပညာပေးဟောပြောခြင်း၊ သင်တန်းဖွင့်ခြင်း၊ မီးသတ်စစ်ဆေးခြင်းများကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ် မဟာမြိုင် (၂)ရပ်ကွက်၌ တိုင်းမီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ရဲကျော်သူရဲသူရ သန်းကျော်ကျော်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးသည်။ **(အောက်ပုံ)**

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးနှင့်အတူ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမြသန်း၊ ခရိုင်အရန် မီးသတ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမောင်နှင့် တာဝန်ရှိသူများကို မြို့နယ်ဦးစီးမှူး၊ ရပ်ကွက်ဥက္ကဋ္ဌ၊ ရပ်ကွက်တပ်စုမှူးတို့က မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို မြေပုံကားချပ်နှင့် ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မီးဘေးစိုးရိမ်ရသောရပ်ကွက်များတွင် မီးချိတ်မီးကပ်ထားရှိမှု၊ သဲပုံး၊ ရေပုံးထားရှိမှု၊ ရေအလွယ်တကူရရှိနိုင်မှု၊ မီးသတ်ယာဉ်အလွယ်တကူ ဝင်ထွက်နိုင်မှု၊ ထင်းမီး၊ မီးသွေး မီးဖြင့်အသုံးပြုသော မီးဖိုချောင်များထားရှိမှုများကို တစ်အိမ်တက်ဆင်းကြည့်ရှုစစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန် ရှောင်ရန်ကိစ္စရပ်များကို ပညာပေးမှာကြားကြောင်း သိရသည်။ **(၁၆၂)**

ဒီဇင်ဘာ ၃ ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက် ရှိသော ဈေး ကလေးလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကိုညွှန်ကြားရေးမှူး ဦးသက်နှင်းဦး ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နောင်တရားမြို့နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်များတိုးပွားရေး အကျယ်တဝင့်ရှင်းလင်း

နောင်တရား ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)နောင်တရားမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြင်းတွင်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ မြင်းတွင်းကျေးရွာ ရွှေမြင်းမိုရ်(၁)နှင့် ရွှေမြင်းမိုရ်(၂)စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂ ရက်က အခြေခံပညာမူလတန်းကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလွင်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးခွန်လှမောင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးဝင်းလွင်နှင့် မြင်းတွင်းကျေးရွာအုပ်စု ဥက္ကဋ္ဌဦးခွန်ချစ်သာတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ရည်ရွယ်ချက်များ၊ ရေရှည်တည်တံ့ရေးနှင့် စာအုပ်များစုဆောင်း တိုးပွားရေးများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

လက်ခံရယူ

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာအုပ်မျိုးစုံ အုပ် ၅၀ လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးခွန်ချစ်သာက လက်ခံရယူသည်။

(၃၆၉)

ဒီဇင်ဘာ ၁ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်း၊ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးတင်မြင့် နှင့် ဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များစုပေါင်း၍ အဖွဲ့ပိုင်ပန်းခြံအတွင်း ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



ဖျာပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး၊ အမှုဆောင်သစ်ရွေးချယ်

ဖျာပုံ ဇန်နဝါရီ ၃

ဖျာပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်ရီက အဖွင့်အမှာစကားပြောကြားသည်။ အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေ အနေများကို ဆွေးနွေးကြပြီး အမှု ဆောင် အဖွဲ့သစ်ရွေးချယ်တင်မြှောက်ရာ ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင်အဖြစ် မြို့နယ်ဒုတိယဦးစီးမှူး ဦးတင့်လွင်နှင့်အဖွဲ့ဝင်နှစ်ဦးက တာဝန်ယူဆောင်ရွက်ကြသည်။

အမှာစကားပြောကြား

ထို့နောက် အမှုဆောင်အဖွဲ့သစ်ရွေးချယ်ပွဲတွင် သဘာပတိအဖြစ် ဦးမြင့်နိုင်(မောင်ဇမ္ဗူ)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးအောင်ဝင်း (သတင်းထောက်အောင်ဝင်း ဖျာပုံ)က **(ဝဲပုံ)** ဆောင်ရွက်၍ အမှုဆောင်အဖွဲ့ကို ရွေးချယ်ရာ ဥက္ကဋ္ဌဦးမင်းဇော်(မင်းဇော်မွန်-ဖျာပုံ) အတွင်းရေးမှူးဒေါ်အေးအေးစိုး (အေးအေးစိုး-ဖျာပုံ)၊ ဘဏ္ဍာရေးမှူးဦးလှအောင်(မောင်သဲခေါင်)၊ စာပေညီလာခံ ကိုယ်စားလှယ်အဖြစ် ဦးမင်းဇော်(မင်းဇော်မွန်-ဖျာပုံ)တို့ ပါဝင်သော အမှုဆောင်ငါးဦးနှင့် နာယကအဖွဲ့နှစ်ဦးတို့ကို ရွေးချယ်ကြပြီး မြို့နယ် ဥက္ကဋ္ဌဦးခင်မောင်ရီနှင့် သဘာပတိ ဦးမြင့်နိုင်တို့က နိဂုံးချုပ်အမှာစကား ပြောကြားကြသည်။ **(၁၅၈)**

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြကတ္တရာလမ်း(၄)လမ်း အနက် တစ်လမ်းအပါအဝင်ဖြစ်သော အရှည်ပေ ၉၀၀၊ အကျယ် ၁၂ပေရှိ ၅လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မှုလုပ်ငန်းခွင် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုးဇော် ကြီးကြပ်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးစိုင်းနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးထင်လင်းကျော်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အမှတ်၂၇၂၊ ၃၉လမ်း ကျောက်တံတားမြို့နယ်နေ ဦးသိန်းဆွေ–ဒေါ်စန်းစန်းရီ မိသားစုက ဒေါ်စန်းစန်းရီမွေးနေ့ အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ တစ်ရက်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ၇၂ ရက်အတွက် ဆွမ်းအလှူငွေကျပ်ခုနစ်သိန်းနှစ်သောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးဘညာဏ် လက်ခံယူစဉ်။ (မြန်မာ့အလင်း)

လုပ်သားများကောလိပ် ရူပဗေဒအဓိက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

၁၉၇၂–၁၉၇၇ခုနှစ် ပညာသင်နှစ် လုပ်သားများကောလိပ်ရူပဗေဒအဓိက ကျောင်းသူကျောင်းသားများ၏ ပဌမအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၁၅ရက်(တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် ၁၅/ခ ပြည်ထောင်စုလမ်း၊ ကုက္ကိုင်းရေကူးကန်အနီး ဗဟန်းမြို့နယ်ရှိ AIT (Early Learning Centre) ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဖွယ်ပစ္စည်းများကို ကျင်းပမည့်နေ့မတိုင်မီ ဦးကျော်သူ ဖုန်း–၃၉၂၆၁၇၊ ၀၉–၅၁–၂၆၅၇၆၊ ဦးစိန်သန်း ဖုန်း–၅၇၉၉၂၆၊ ၀၉–၅၁–၃၅၈၂၃၊ ဦးတင်အေး ဖုန်း–၆၆၆၇၁၈ နှင့် ဒေါ်ခင်ခင်လှ ဖုန်း–၅၄၀၇၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြော ပြိုင်ပွဲကို အမှတ်(၂) ရပ်ကွက် စန္ဒိမာ ကျောင်းခန်းမတွင် ဒီဇင်ဘာ၂၀ ရက်က ကျင်းပရာ ကျပန်းစကားပြော ပြိုင်ပွဲဆုရသူများအား မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်သန်းနွယ်က ဆုများချီးမြှင့်စဉ်။ (က–ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အမှိုက်ကင်းစင်နယ်မြေဆိုင်းဘုတ်တင်ပွဲကို ဒီဇင်ဘာ၁၈ရက်က တောင်ဥက္ကလာပမြို့နယ် ၉ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲရုံးတွင် ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းနှင့် ရပ်ကွက်အသင်းခွဲဥက္ကဋ္ဌ ဒေါ်သန်းသန်းဌေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (၁၉၂)

ဟသ်ာတအထက(ခွဲ)ရှားခဲ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၆

ဟသ်ာတမြို့နယ် အထက(ခွဲ)ရှားခဲတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးတို့အား ကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများက စတုတ္ထအကြိမ်မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ၈ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည် ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံညီစွာတက်ရောက်ကြရန် ဖိတ်ကြား နိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

ရေဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးဦးနေဦးတို့ လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းဖြစ်သော စိန်အောင် မင်းလမ်း ကျောက်ချောခင်းမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်မဲမြို့၌ ပညာမွန်တိုးချဲ့ကျောင်းဆောင်သစ်ဖွင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ကျောက်မဲ ဇန်နဝါရီ ၁

ပညာမွန်တိုးချဲ့ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျောက်မဲမြို့ အမှတ်(၆)အခြေခံပညာ မူလတန်းကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင်သစ်တွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားပြီး အလှူရှင် ရန်ကုန် ဟိန်းစိုး ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးစိုးဝင်း–ဒေါ်နန်းရွှေအိမ် မိသားစုတို့ ကိုယ်စား ဒေါ်နန်းချိုချိုဦးက လှူဒါန်းရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းဆောင်သစ်ကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်း၊ တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးသန်းထွန်း၊ အလှူရှင်မိသားစုဝင် ဒေါ်နန်းနီနီလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၁၅၀၊ အနံပေ ၃၀၊ သွပ်မိုးအုတ်ကာ တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး စာရေးခုံ အလုံး ၁၂၀၊ ထိုင်ခုံ ၁၂၀၊ လျှပ်စစ်မီတာအုတ်တံတိုင်းနှင့် အခြားသင်ကြားမှု ပစ္စည်းများ စုစုပေါင်း ကုန်ကျငွေ ကျပ်သိန်း ၁၇၀တန် ဖိုးရှိကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

စိန်ခလုတ်မှ ဇာတ်ဝင် ခန်းတစ်ခန်း။

မင်္ဂလာနှစ်သစ်ဦးတွင် မင်္ဂလာပါ ရုပ်ရှင်ဖြင့်ဖျော်ဖြေ ရှေ့ဆောင်ရုံ၌ ကမ္ဘာဆုံးအထိဆက်လက်ပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇန်နဝါရီ ၆

နှစ်သစ်ဦးကိုကြိုဆိုသောအားဖြင့် အောင်ကျော်ဇောရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်လိုက်သည့် မင်္ဂလာပါ ဇာတ်ကားသစ် ယခုသောကြာပတ်တွင် ရန်ကုန်မြို့ သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် အပြိုင်ရုံဝင်လာသည်။ မန္တလေးမြို့ရှိ ဝင်းလိုက်နှင့် မြို့မရုံများတွင်လည်း မင်္ဂလာပါ ရုပ်ရှင်ဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

သက္ကာယ်မြောင်ရွာကလေးမှာ ရခိုင်ရိုးမတောင်ခြေ ချင်းပြည်နယ်၏ အစပ်တွင် တည်ရှိသည်။ ဝေးလွန်းခေါင်လွန်းသောကြောင့် မည်သည့်ကျောင်းဆရာမျှ မသွားချင်ကြသဖြင့် ပညာရေး၊ ကျန်းမာရေးကအစ အစစအရာရာ နိမ့်ကျလျက်ရှိသည်။ နိမ့်ကျနေသော အရပ်သို့ ထင်ကျော်ဦးနှင့် ထွန်းအောင်ကျော်ဆိုသော ဆွဲခန့်ဆရာလေးနှစ်ဦး ရောက်ရှိသွားရာ သူတို့၏ စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော ဆရာ၏ ဂုဏ်အင်္ဂါ နာသုံးနာနှင့် ရပ်ရွာ၏ စည်းလုံးညီညွတ်မှု၊ ကျေးလက်ပြည်သူတို့၏ ဖြူစင်ရိုးသားမှုတို့ ပေါင်းစပ်လိုက်သောအခါ ကျေးရွာ၏ ပညာရေးအဆင့်ကို အောင်မြင်စွာ မြှင့်တင်လိုက်နိုင်ပုံများကို ဟာသနှောကာ ရိုက်ကူးတင်ဆက်ထားသော ကျေးလက်ပညာပေး ဇာတ်ကားဖြစ်သည်။ **မင်္ဂလာပါ** ဇာတ်ကားသည် ကျေးလက်၏ဘဝ သရုပ်သကန်ကို ပီပြင်စွာ ဖော်ထုတ်နိုင်သော ဇာတ်ကားကောင်း တစ်ကားဖြစ်သည်။

မင်္ဂလာပါ ဇာတ်ကားမှ စိုင်းစိုင်းခမ်းလှိုင်၊ ဇာဂနာနှင့် နေတိုးတို့၏ သရုပ်ဆောင်ကွက်။

ယင်းဇာတ်ကားတွင် နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ မျိုးစန္ဒီကျော်၊ ဇာဂနာ၊ အောင်လွင်၊ ဗေလုဝနှင့် ဟာသ ရုပ်ဆောင်ပေါင်းများစွာ ပါဝင်ဟာသရုပ်ဆောင်ထားသည်။

မုန်တိုင်းမှ လူမင်းနှင့် ခိုင်သင်းကြည်။

ရှေ့ဆောင်ရုံတွင် **ကမ္ဘာဆုံးအထိ** ပြသနေပြီး နေပြည်တော်ရုံတွင် Four Brothers ဇာတ်ကား ပြသလျက်ရှိသည်။

Cyborg ဇာတ်ကား

ရွှေဂုန်ရုံ မြေညီထပ်တွင် အမီတာဘဂျမ်း၊ အက်ရှေကူးမားနှင့် မင်းသမီးချော ဂျူဟီချာဝါးလား၊ ကရစ္စမားကာပူးတို့ ခေါင်းဆောင်ပါဝင်ထားသော [Ek]Rishtaa အချစ်တစ်ခုမွေးဖွားခြင်း အိန္ဒိယ ဇာတ်ကားရုံဝင်လာပြီး ရွှေဂုန်ရုံအပေါ်ထပ်တွင် ဗန်ဒိန်းပါဝင်သည့် Cyborg ဇာတ်ကားရုံဝင်လာသည်။ တန်းမြင့်မြို့မရုံတွင် အမီတာဘဂျမ်း ခေါင်းဆောင်ပါဝင်သော အင်္ဂလိပ်စာတန်းထိုး Aetbaar အိန္ဒိယစိတ္တဇ အချစ်ဇာတ်ကြမ်းကား ပြသနေသည်။ ဆုထူးပန်ရုံတွင်လည်း အမီတာဘဂျမ်း ပါဝင်သည့် Kohramအိန္ဒိယအက်ရှင်ဇာတ်ကား ပြသလျက် ရှိသည်။

မုန်တိုင်း

ရွှေမန်း၊ စံပြနှင့်သီတာရုံများတွင် ဒါရိုက်တာသီဟတင်စိုး ရိုက်ကူးသည့် **မုန်တိုင်း** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား တင်ဆက်လျက်ရှိသည်။ **မုန်တိုင်း** ဇာတ်ကားတွင် ကျော်သူ၊ သီဟတင်စိုး၊ လူမင်း၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်တို့ ခေါင်းဆောင်ပါဝင်ထားသည်။

စိန်ခလုတ်

နဝဒေး၊ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ဧရာဝတီရုံများတွင် မင်းမော်ကွန်း၊ မင်းဇော်၊ အောင်ပိုင်၊ ကျော်ဇောဟိန်း၊ နဝရတ်တို့ ခေါင်းဆောင်ပါဝင်ထားသော **စိန်ခလုတ်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် မင်းမော်ကွန်းကို အက်ရှင်မင်းသားအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၆

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမဆောင်ရှေ့ မြက်ခင်းပြင်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့တက်ရောက် ချီးမြှင့်ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ ✱**

ဆွေးနွေးအကြံပြုချက်စာတမ်းများ လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဇန်နဝါရီ ၃ ရက်က ကျင်းပသော အမျိုးသားညီလာခံစုံညီ အစည်းအဝေး တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင် မည့်ပြည်ထောင်စုလွှတ်တော်၊ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့် သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ တစ်သီး ပုဂ္ဂလကိုယ်စားလှယ်ဖြစ်သည့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်နှင့် ကျိုက်လတ်မြို့နယ် မဲဆန္ဒ နယ် အမှတ်(၂)မှ ဦးတင်ဝင်းတို့ဖတ်ကြားတင်ပြသည့် ဆွေးနွေး အကြံပြုချက်စာတမ်းများ အချပ်ပိုလေးမျက်နှာ ပူးတွဲပါရှိပါ သည်။ **(မြန်မာ့အလင်း)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ဆက်လက်ကျင်းပ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများဖတ်ကြားတင်ပြ

ရန်ကုန် ဇန်နဝါရီ ၆

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများ အဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ **စာမျက်နှာ ၆ ကော်လံ ၁ ■**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက် ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုညစာစားပွဲတက်ရောက်ချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ် စဉ်(၃) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ် ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာ ရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့ ကိုယ်စားလှယ်ခြောက်ဦး စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းအနက် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင် ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ဖြစ်သည့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင် ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးများ ခေါ်ယူကျင်းပခြင်းနှင့်ပတ်သက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားသွားခဲ့သော အချက်အလက်များဖြစ်သည့်–

"ပြည်သူ့လွှတ်တော်

ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်။

အမျိုးသားလွှတ်တော်

(က) အမျိုးသားလွှတ်တော် သက်တမ်းစတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်ဖြစ်သည်။
(ခ) အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်း လွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ခုနစ်ရက်အတွင်း ကျင်းပရမည်။

"ပြည်သူ့လွှတ်တော်

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။
(ခ) ပြည်သူ့လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

အမျိုးသားလွှတ်တော်

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။
(ခ) အမျိုးသားလွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန် ဆက်လက်ထမ်းဆောင်လျက်ရှိသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် ပတ်သက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်များဖြစ်သည့်–

"ပြည်သူ့လွှတ်တော်

(က) ပထမအကြိမ်ကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။
(ခ) ကတိသစ္စာမပြုရသေးသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

အမျိုးသားလွှတ်တော်

(က) ပထမအကြိမ်ကျင်းပသော အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် အမျိုးသား လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။
(ခ) ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုရမည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တစ်ဖန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့သည့်–

"ပြည်သူ့လွှတ်တော်

ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လ ထက် မပိုစေရ။

အမျိုးသားလွှတ်တော်

အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံး ကာလသည် ၁၂ လထက် မပိုစေရ"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်အစည်းအဝေးနှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများ၌ ဆောင်ရွက်သင့်သည့်ကိစ္စများနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့သည့်–

"ပြည်သူ့လွှတ်တော်"

ပြည်သူ့လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်–
(က) နိုင်ငံတော်သမ္မတ ပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊
(ခ) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌကခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊
(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဃ) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့လွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(င) ပြည်သူ့လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊
(စ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဆ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊
(ဇ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

အမျိုးသားလွှတ်တော်

အမျိုးသားလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များဆောင်ရွက်သည်–
(က) နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊
(ခ) နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌကခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊
(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဃ) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အမျိုးသားလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(င) အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊
(စ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဆ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊
(ဇ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း"

တို့သည်သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများ အထမမြောက်ခြင်းနှင့် စပ်လျဉ်းပြီး–

"ပြည်သူ့လွှတ်တော်"

(က) ပြည်သူ့လွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။
(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံ တစ်ပုံတက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ်ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်

အမျိုးသားလွှတ်တော်

(က) အမျိုးသားလွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် အမျိုးသားလွှတ်တော်

အချပ်ပို (ခ) သို့

အချပ်ပို (က)မှ

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(ခ) အပိုဒ်ခွဲ (က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် **အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်း** အဝေးများတွင် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံးသုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်" တို့သည် **သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများ** အဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ အဆုံးအဖြတ် သဘောတူညီချက်၊ အတည်ပြုချက် စသည်များအတွက် လွှတ်တော် ကိုယ်စားလှယ်ဦးရေ မည်မျှ၏ **ထောက်ခံဆန္ဒမဲရရှိမှသာ ဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံ** ဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိသည့်ကိစ္စများကို ဆုံးဖြတ်ခြင်းနှင့် လွှတ်တော်ဥက္ကဋ္ဌများ၏ ဆန္ဒမဲပေးပိုင်ခွင့်တို့နှင့် စပ်လျဉ်းပြီး–

"<u>ပြည်သူ့လွှတ်တော်</u>

(က) ပြည်သူ့လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာ တစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်း **ပုံအခြေခံ ဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင်** အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) ပြည်သူ့လွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် **ကိစ္စများ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌ** တာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲ မပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

<u>အမျိုးသားလွှတ်တော်</u>

(က) အမျိုးသားလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့်အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံ **အခြေခံ ဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင်** အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) အမျိုးသားလွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ် **သည့် ကိစ္စများ၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ်** ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲ မပေးရ။ ထောက်ခံဆန္ဒမဲနှင့်ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။ ဆက်လက်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်ခြင်းနှင့် ပတ်သက်ပြီး–

"<u>ပြည်သူ့လွှတ်တော်</u>

(က) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်သူ့လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် ပြည်သူ့ လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု ပြည်သူ့လွှတ်တော်က ကြေညာနိုင်သည်။ ပြည်သူ့လွှတ်တော် အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး **ရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။**

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရမည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက် **ရန် ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်း ပျက်ကွက်ကြောင်း** ပြည်ထောင်စု လွှတ်တော်နာယကထံမှ အကြောင်းကြားချက်ရရှိလျှင် ပြည်သူ့လွှတ်တော်က ယင်းလွှတ်တော် ကိုယ်စားလှယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ အရေးယူရမည်။

<u>အမျိုးသားလွှတ်တော်</u>

(က) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အမျိုးသား **လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် အမျိုးသားလွှတ်တော်**၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ရက် တစ်ဆက်တည်းပျက်ကွက် **လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုအမျိုး**သား လွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု အမျိုးသားလွှတ်တော်က ကြေညာနိုင်သည်။ အမျိုးသားလွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေး **ရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ။**

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရမည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် **ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတစ်ရပ်တွင်** လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်းပျက်ကွက်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကထံမှ အကြောင်းကြားချက် **ရရှိလျှင် အမျိုးသားလွှတ်တော်က ယင်းလွှတ်တော်ကိုယ်စားလှယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရမည်"**

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်မှုဖြစ်ပေါ်နေသော်လည်း ဆိုင်ရာလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်နိုင်အောင်နှင့် လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန် အခွင့်အရေးမရှိသူတစ်ဦးက လွှတ်တော် အစည်းအဝေးတက်ရောက်ပြီး လွှတ်တော်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့် လွှတ်တော်၏ ဆုံးဖြတ်ချက်များ ပျက်ပြယ်ခြင်း မရှိစေရေးတို့နှင့် စပ်လျဉ်းပြီး–

"<u>ပြည်သူ့လွှတ်တော်</u>

ပြည်သူ့လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့လစ်လပ်နေစေကာမူ ပြည်သူ့လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော် လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

<u>အမျိုးသားလွှတ်တော်</u>

အမျိုးသားလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ အမျိုးသားလွှတ်တော်လုပ်ငန်းများကိုဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူတစ်ဦးက အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဆောင်ရွက်ချက်များ မှတ်တမ်းများကို အများပြည်သူသိရှိခွင့်နှင့် စပ်လျဉ်းပြီး–

"<u>ပြည်သူ့လွှတ်တော်</u>

ပြည်သူ့လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

<u>အမျိုးသားလွှတ်တော်</u>

အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများ အဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ဥပဒေကြမ်း စတင်တင်သွင်းခြင်းနှင့် စပ်လျဉ်းပြီး–

"<u>ပြည်သူ့လွှတ်တော်</u>

"ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသောကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်းတင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်း စတင်တင်သွင်းခွင့်ရှိသည်။

<u>အမျိုးသားလွှတ်တော်</u>

"ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသော ကိစ္စရပ်များအနက် ပြည်ထောင်စု လွှတ်တော်တွင်သာ ဥပဒေကြမ်းတင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း စတင်တင်သွင်းခွင့်ရှိသည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး ဥပဒေတစ်ရပ်အရ ပြုလုပ်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေများနှင့် စပ်လျဉ်းပြီး–

"<u>ပြည်သူ့လွှတ်တော်</u>

(က) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံး **ကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကာလ**တွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(ခ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်သည် သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် **ညီညွတ်မှုမရှိကြောင်း** တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(ဂ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

<u>အမျိုးသားလွှတ်တော်</u>

(က) **ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့်** နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပ**သော အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလတွင်** လွှတ်တော်ဥက္ကဋ္ဌကခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(ခ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေသို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် **ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း**ဥပဒေသို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် **စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း** ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(ဂ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ **တစ်ရပ်ရပ်ကိုပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ရာတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်"တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။**

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဥပဒေကြမ်းတင်သွင်းခြင်းနှင့် စပ်လျဉ်းပြီး–

<u>ပြည်သူ့လွှတ်တော်</u>

(က) **ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု** အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသော ဥပဒေ ကြမ်းများကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထား **သည့် နည်းလမ်းများနှင့်အညီ** ပေးပို့လာလျှင် ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းဟု မှတ်ယူ၍ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(ခ) **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် "ပြည်ထောင်စု ဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက်** ပြည်ထောင်စုလွှတ်တော်၌သာ ဥပဒေကြမ်းတင်သွင်း ဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ် ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို ဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်သို့ စတင်တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပ[...]
ကို ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရန် အမျိုးသာ[...]
သို့ ပေးပို့ရမည်။

<u>အမျိုးသားလွှတ်တော်</u>

(က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြ[...]
အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်း[...]
ကြမ်းများကို ပြည်ထောင်စုလွှတ်တော်က သ[...]
သည့် နည်းလမ်းများနှင့်အညီ ပေးပို့လာလျှင်[...]
လွှတ်တော်တွင် စတင်တင်သွင်းသော ဥ[...]
မှတ်ယူ၍ အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံး[...]

(ခ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသ[...]
ထောင်စု ဥပဒေပြုစာရင်း"တွင်ပါရှိသော ကိစ္စရ[...]
ပြည်ထောင်စု လွှတ်တော်၌သာ ဥပဒေကြမ်း[...]
ဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံ အခြေခံဥပဒေ[...]
ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိ[...]
စပ်လျဉ်းသော ဥပဒေကြမ်းများကို ဥပဒေနှင့်အည[...]
လွှတ်တော်သို့ စတင်တင်သွင်းခွင့်ရှိသည်။ [...]
ကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းမ[...]
အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမ[...]

(ဂ) **အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပ[...]**
ကို ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရန် ပြည်သူ[...]
သို့ ပေးပို့ရမည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ် အခြေခံရမည့်[...]
ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး လွှတ်တော်တစ်ခုမှ အတည်ပြုသည့် ဥပ[...]
အခြားလွှတ်တော်တစ်ခုသို့ ပေးပို့ သည့်အခါ ဥပဒေကြမ်း လ[...]
လွှတ်တော်တွင်ရှိသင့်သည့် လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း[...]

"<u>ပြည်သူ့လွှတ်တော်</u>

(က) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော[...]
သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရ[...]
အမျိုးသားလွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း[...]
ကြောင်း သို့မဟုတ် သဘောမတူကြောင်း [...]
ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း ဆုံးဖြ[...]
ထိုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ [...]
ချက်နှင့်အတူ အမျိုးသား လွှတ်တော်သို့ ပြန်[...]
မည်။

(ခ) ပြည်သူ့လွှတ်တော်က ပေးပို့ခဲ့သည့် ဥပ[...]
အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြ[...]
ပေးပို့လာလျှင် ပြည်သူ့လွှတ်တော်သည် အမျ[...]
တော်၏ ပြင်ဆင်ချက်ကို လက်ခံပါက ယင်းဥ[...]
ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ရ[...]

(ဂ) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော[...]
သော ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ [...]
လွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်[...]
၏ အဆုံးအဖြတ်ရယူရမည်။

<u>အမျိုးသားလွှတ်တော်</u>

(က) **အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်က[...]**
ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ[...]
လွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘော[...]
သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် [...]
များဖြင့် သဘောတူကြောင်း ဆုံးဖြတ်နိုင်သည[...]
ကြမ်းကို အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချ[...]
ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။

(ခ) **အမျိုးသားလွှတ်တော်က ပေးပို့ခဲ့သည့် ဥပ[...]**
ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြ[...]
လာလျှင် အမျိုးသားလွှတ်တော်သည် ပြည်သူ[...]
၏ ပြင်ဆင်ချက်ကို လက်ခံပါက ယင်းဥပ[...]
ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့ရမ[...]

(ဂ) **အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော[...]**
ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပြ[...]
တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စုလ[...]
အဆုံးအဖြတ်ရယူရမည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ် အခြေခံရမည့်[...]
ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာ[...]
ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြ[...]
ဆန္ဒမဲပေးသည့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏[...]

ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရန် အမျိုးသားလွှတ်တော်သို့ ပေးပို့ရမည်။

<u>သားလွှတ်တော်</u>

ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသော ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးပို့လာလျှင် အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းဟုမှတ်ယူ၍ အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် "ပြည်ထောင်စု ဥပဒေပြုစာရင်း"တွင်ပါရှိသော ကိစ္စရပ်များအနက် ပြည်ထောင်စု လွှတ်တော်၌သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို ဥပဒေနှင့်အညီ အမျိုးသားလွှတ်တော်သို့ စတင်တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရန် ပြည်သူ့လွှတ်တော်သို့ ပေးပို့ရမည်"

လျော်သည့်အတွက် အသေးစိတ် အခြေခံရမည့် မူများအဖြစ် ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်ပြီး လွှတ်တော်တစ်ခုမှ အတည်ပြုသည့် ဥပဒေကြမ်းကို တော်တစ်ခုသို့ ပေးပို့ သည့်အခါ ဥပဒေကြမ်း လက်ခံရရှိသည့် ခွင့်ရှိသင့်သည့် လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်းပြီး–

<u>သူ့လွှတ်တော်</u>

ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ အမျိုးသားလွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း ဆုံးဖြတ်နိုင် သည်။ ထိုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ အမျိုးသား လွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။

ပြည်သူ့လွှတ်တော်က ပေးပို့ခဲ့သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင် ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ကို လက်ခံပါက ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ရမည်။

ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရမည်။

<u>သားလွှတ်တော်</u>

အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်ကပေးပို့ သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ ပြည်သူ့လွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း ဆုံးဖြတ်နိုင်သည်။ ထိုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။

အမျိုးသားလွှတ်တော်က ပေးပို့ခဲ့သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင် အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လက်ခံပါက ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့ရမည်။

အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရမည်"

လျော်သည့်အတွက် အသေးစိတ် အခြေခံရမည့် မူများအဖြစ် ကြောင်း အကြံပြုအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြု သော အဖွဲ့အစည်းဝင်များအနေဖြင့် ပြည်သူ့လွှတ်တော်အစည်းအဝေး သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးများ လွှတ်တော်ကော်မတီ၊ ကော်မရှင်အဖွဲ့နှင့် လွှတ်တော်နှစ်ရပ်၏ ပူးပေါင်းကော်မတီတို့၏ အစည်းအဝေးများတွင် ရှင်းလင်းပြောဆို ဆွေးနွေးခွင့်နှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်း ပြောကြားခဲ့သည့်အချက်များဖြစ်သည့်–

<u>"ပြည်သူ့လွှတ်တော်</u>

ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်–

(က) **ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။**

(ခ) **ပြည်သူ့လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့်အဖွဲ့များ၏ အစည်းအဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။**

<u>အမျိုးသားလွှတ်တော်</u>

ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်–

(က) **အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။**

(ခ) **အမျိုးသားလွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏ အစည်းအဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိ အဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။**

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်းပြီး–

<u>"ပြည်သူ့လွှတ်တော်</u>

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည်–

(က) **ပြည်သူ့လွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်၊**

(ခ) **ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်၊**

(ဂ) **ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။**

(ဃ) **ဤဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ် အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။**

<u>အမျိုးသားလွှတ်တော်</u>

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည်–

(က) **အမျိုးသားလွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်၊**

(ခ) **အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်း ပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်၊**

(ဂ) **အမျိုးသားလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို အမျိုးသား လွှတ်တော် အစည်းအဝေးသို့ တက်ရောက် ရှင်းလင်း တင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။**

(ဃ) **ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြား တာဝန်နှင့်လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်"**

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြု၍ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ပုဂ္ဂိုလ်၏အခွင့်အရေးများ၊ လွှတ်တော်က ဖွဲ့စည်းသည့် ကော်မရှင် သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်၏ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး–

<u>ပြည်သူ့လွှတ်တော်</u>

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကော်မတီတို့တွင် လွတ်လပ်စွာပြောဆို ခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ ပြည်သူ့လွှတ်တော် နှင့် ပြည်သူ့လွှတ်တော် ကော်မတီများတွင် တင်ပြဆွေးနွေး ခြင်း၊ ဆောင်ရွက်ခြင်း တို့နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြား ဥပဒေအရ အရေးယူခြင်းမပြုရ။

(ခ) ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ဖြစ်စေ၊ ပြည်သူ့လွှတ်**တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ** တက်ရောက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် **ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်**လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီ **များတွင် လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။ ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီများတွင်** တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(ဂ) အထက်အပိုဒ်(က)နှင့် (ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲ ဥပဒေ များနှင့်အညီ အရေးယူခြင်းခံရမည်။

<u>အမျိုးသားလွှတ်တော်</u>

(က) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီတို့တွင် လွတ်လပ်စွာပြောဆို ခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ အမျိုးသားလွှတ်တော်နှင့် အမျိုးသား လွှတ်တော်ကော်မတီများတွင် တင်ပြဆွေးနွေး ခြင်း၊ **ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမျိုးသားလွှတ်တော်** ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရအရေးယူခြင်းမပြုရ။

(ခ) အမျိုးသားလွှတ်တော်အစည်းအဝေးသို့ဖြစ်စေ၊ အမျိုးသား**လွှတ်တော်ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ** တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့**အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံ** အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသား လွှတ်တော်ကော်မတီများတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ"

(ဂ) အထက်အပိုဒ်(က)နှင့်(ခ)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ် အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြု အပ်ပါကြောင်း။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဦး သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးဦး သို့မဟုတ် လွှတ်တော်တစ်ရပ်ရပ်က ဖွဲ့စည်းသော ကော်မရှင်နှင့်အဖွဲ့များ၏ အဖွဲ့ဝင် တစ်ဦးဦးကို ဥပဒေအရ ဖမ်းဆီးရန် အကြောင်းပေါ်ပေါက်ရင် ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် စပ်လျဉ်းပြီး–

<u>"ပြည်သူ့လွှတ်တော်</u>

(က) ပြည်သူ့လွှတ်တော် အစည်းအဝေး တက်ရောက်နေသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်**တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦး ကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသောအထောက်** အထားကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ **ဖမ်းဆီးခြင်းမပြုရ။**

(ခ) **ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေး** တွင် သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသောကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေး တွင် သော်လည်းကောင်း အစည်းအဝေး တက်ရောက်နေ**သည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော** အထောက်အထားကို သက်ဆိုင်ရာကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏အကြီးအကဲမှတစ်ဆင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ဂ) **ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီ** သို့မဟုတ် ပြည်သူ့ လွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက် **အထားကို** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ **ဆောလျင်စွာ** တင်ပြရမည်။

<u>အမျိုးသားလွှတ်တော်</u>

(က) အမျိုးသားလွှတ်တော် အစည်းအဝေး တက်ရောက်နေ သော **အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ဖြစ်စေ၊** လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ခ) **အမျိုးသားလွှတ်တော်ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေး** တွင် သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်က ဖွဲ့စည်း သော ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်း အဝေးတွင်သော် လည်းကောင်း အစည်းအဝေး တက်ရောက် နေသည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ **အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော** အထောက်အထားကို သက်ဆိုင်ရာ ကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏အကြီးအကဲမှတစ်ဆင့် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ဂ) **အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကော်မတီ သို့မဟုတ် အမျိုးသားလွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါ က ထိုသို့ဖမ်းဆီးခြင်းနှင့်စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။"**

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သော်လည်းကောင်း၊ ယင်းလွှတ်တော် အသီးသီး၏ အခွင့်အာဏာအရ သော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ စာရွက်၊ စာတမ်းများ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်းပြီး–

<u>"ပြည်သူ့လွှတ်တော်</u>

ပြည်သူ့လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော် လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်၊ စာတမ်းများ၊ လွှတ်တော်မှတ်တမ်း များနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။

<u>အမျိုးသားလွှတ်တော်</u>

အမျိုးသားလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း၊ ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော် မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ် အခြေခံရမည့် မူများ အဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

ဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍
ခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင်
ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်းစတင်သည့်နေ့ရက်ဖြစ်သည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ၃ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့ ကိုယ်စားလှယ်ခေါင်းဆောင်ဦးစီးတင်ပြသည့် ဆွေးနွေးအကြံပြုချက် စာတမ်းအနက် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဖြစ်သည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကျင်းပရေးနှင့်စပ်လျဉ်းပြီး–

"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သက်တမ်း စတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်ဖြစ်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ပထမအကြိမ်ပုံမှန် အစည်းအဝေးကို ယင်းလွှတ်တော်၏သက်တမ်း စတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး–

တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များ၏ ပထမအကြိမ် ပုံမှန်အစည်းအဝေး ခေါ်ယူကျင်းပရေးနှင့်စပ်လျဉ်းပြီး–

"(က)ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန် အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက် ထမ်းဆောင်လျက်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး–

တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုရေးနှင့် စပ်လျဉ်းပြီး–

"(က) ပထမအကြိမ်ကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်၊

(ခ) ကတိသစ္စာမပြုရသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် လွှတ်တော် ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုရမည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် တစ်နှစ်လျှင် အနည်းဆုံးကျင်းပရမည့် ပုံမှန် အစည်းအဝေးအရေအတွက် သတ်မှတ်ရေးနှင့် စပ်လျဉ်းပြီး–

"တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးကို တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး–

တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်အစည်းအဝေးများတွင် ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး၌ အောက်ပါ ကိစ္စရပ်များ ဆောင်ရွက်သည်–

(က) နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပခွင့်နှင့်စပ်လျဉ်းပြီး–

"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အကြောင်းကြားလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် လွှတ်တော်အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူ ကျင်းပရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံးလေးပုံတစ်ပုံက တောင်းဆိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အထူးအစည်းအဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပရမည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးများ၊ ပြည်နယ်လွှတ်တော် အစည်းအဝေးများ အထမြောက်ရန် လိုအပ်သည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ရေးနှင့်စပ်လျဉ်းပြီး–

"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်၏ပထမနေ့တွင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်း အစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံးသုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်၊ သဘောတူညီချက်၊ အတည်ပြုချက် စသည်များအတွက် လွှတ်တော်ကိုယ်စားလှယ်ဦးရေ မည်မျှ၏ ထောက်ခံဆန္ဒမဲရရှိမှသာ ဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ် ပြဋ္ဌာန်းထားခြင်းမရှိသည့် ကိစ္စများကို ဆုံးဖြတ်ခြင်းနှင့် လွှတ်တော် ဥက္ကဋ္ဌ၏ ဆန္ဒမဲပေးပိုင်ခွင့်တို့နှင့် စပ်လျဉ်းပြီး–

"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲ မပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲ ပေးရမည်"

တို့သည်သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး –

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် လွှတ်တော်ကိုယ်စားလှယ်များကို အရေးယူခြင်းနှင့် စပ်လျဉ်းပြီး–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး တစ်ရပ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ခွင့်ပြုချက် မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ကြေညာနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်း ရေတွက်ခြင်း မပြုရ"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် လွှတ်တော် ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေသော်လည်း ဆိုင်ရာလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်နှင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် အခွင့်အရေး မရှိသူတစ်ဦးက လွှတ်တော်အစည်းအဝေး တက်ရောက်ပြီး လွှတ်တော်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့် လွှတ်တော်များ၏ ဆုံးဖြတ်ဆောင်ရွက်ချက်များ ပျက်ပြယ်ခြင်းမရှိစေရေးတို့နှင့် စပ်လျဉ်းပြီး–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် လွှတ်တော် ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူတစ်ဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဆောင်ရွက်ချက်များ၊ မှတ်တမ်းများကို အများပြည်သူ သိရှိခွင့်နှင့်စပ်လျဉ်းပြီး–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။ *(ဆက်လက်ဖော်ပြပါမည်)*